# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၁၃) ရက် ၊ ကြာသပတေးနေ့ ၊ (22-2-2024) ၊ အတွဲ (၃၂)၊ အမှတ် (၂၉၈)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး **Harjeet Singh Sahi, UYSM, AVSM, YSM, SM** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံဖြစ်သည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ တစ်ဦးချင်းဝင်ငွေများတိုးတက်လာကာ နိုင်ငံစီးပွားရေးလည်း တိုးတက် ပြောင်းလဲလာမည်ဖြစ်သည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး၊ စီးပွားရေးတိုးတက်စေရေးအတွက် အဓိကကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် ဆီထွက်သီးနှံနှင့်စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ဆက်စပ်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးကြရမည်ဖြစ်ပြီး မွေးမြူရေးတွင် နွား၊ ကျွဲကို အဓိကမွေးမြူကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကိုဗဟိုပြု၍ အရှေ့အနောက်နှင့် မြစ်လက်တက်များကိုအားပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ အခြားသောမြစ်များ၊ ချောင်းများများစွာလည်းရှိပြီးဖြစ်သဖြင့် တစ်နိုင်ငံလုံးတွင် ရေနှင့်ပတ်သက်၍ အထောက်အကူ ရရှိပြီးဖြစ်သည်။ သို့သော်လည်း နွေရာသီကာလ၌ ရေရရှိရန် အခက်အခဲရှိသည့် ဒေသအချို့လည်းရှိသည်။ ထိုကဲ့သို့ အခက်အခဲရှိဒေသများ၌ ဆိုလာကိုအသုံးပြု၍ မြစ်ရေတင်ခြင်းများ၊ ရေရှိနိုင်သည့် အရင်းအမြစ်များမှ ရေသွင်းစိုက်ပျိုးခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးနှင့် အောင်ရေကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကကျပြီး တစ်ဧကအထွက်နှုန်းတိုးမြှင့်နိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ခြင်း၊ မြေကို စနစ်တကျပြုပြင်ခြင်း၊ အောင်ရေရရှိရန်နှင့် နည်းစနစ်မှန်ကန်စေရန် ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း သီးနှံများ ထွက်ရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် ပိုမိုတင်ပို့သွားမည်ဆိုပါက ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံမှထွက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပြည်ပသို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ကာ ထုတ်ကုန်များ ပိုမိုထုတ်လုပ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး နိုင်ငံတော်က အားပေးနေသကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် သက်ဆိုင်သူများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှထွက်ရှိသည့် ခရမ်းသီးများသည် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် ခရမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ မှ ၄၀၀ ထိ ဈေးရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာ ခရမ်းသီး အဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသနဲ့ တောင်ပေါ်ဒေသက ခရမ်းသီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ ဝင်ရောက်လာကြတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ် ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိ မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအပြင် ကျန်သည့်ကုန်စိမ်း သီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားအဖြစ် အရောင်းအဝယ်ကောင်းနေကြောင်း အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ထံမှ သိရသည်။ (၁၈၅)

## ဧရာဝတီမြစ်ရေလမ်းကြောင်း မန္တလေး၊ မင်းကွန်းနှင့် မြင်းမူမြို့အနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာသင့်



**မန္တလေး ဖေဖော်ဝါရီ ၂၁**

ဧရာဝတီမြစ် ရေလမ်းကြောင်း မန္တလေး၊ မင်းကွန်းနှင့် မြင်းမူမြို့အနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာသင့်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် မန္တလေး၊ မင်းကွန်းနှင့် မြင်းမူမြို့အနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ သောင်ထွန်းမှုများဖြစ်ပေါ်နေခြင်းကြောင့် မန္တလေးဆိပ်ကမ်းမှ အခြားမြို့များသို့ သွားလာမည့် ရေယာဉ်များအနေဖြင့် ရေလမ်းကြောင်းမှား၍ သောင်တင်မှုများ မရှိစေရေးအထူးသတိပြုသွားကြရန် လိုအပ်ကြောင်း သိရသည်။

"လက်ရှိမှာ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်တာကြောင့် မန္တလေး၊ မင်းကွန်းနဲ့ မြင်းမူမြို့အနီးမှာ သောင်ထွန်းတာတွေဖြစ်ပေါ်နေလို့ မန္တလေးဆိပ်ကမ်းကနေ ရေလမ်းကြောင်းအသုံးပြုသွားလာမဲ့ ကုန်တင်ရေယာဉ်၊ ခရီးသည်တင်ရေယာဉ်နဲ့ ရုပ်ပြေးအမြန်ရေယာဉ်တွေအနေနဲ့ သတိပြုသွားလာသင့်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာချက်အရ ဧရာဝတီမြစ်ရေမှာ မန္တလေးမြို့တွင် ၂၄၇ စင်တီမီတာဖြစ်ပြီး ဧရာဝတီမြစ်ရေနည်း သတိပေးအမှတ်မှာ စင်တီမီတာ ၃၆၀ ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မင်းကွန်းနှင့် မြင်းမူဘက်သို့သွားလာကြမည့်ကုန်တင်ရေယာဉ်များနှင့် ခရီးသည်တင် ရေယာဉ်များအနေဖြင့် ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေကျဆင်းလျက်ရှိပြီး နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်ထိ အချိန်ကာလကို ရေနည်းကာလအဖြစ် သတ်မှတ်ထားရာ ရေနည်းချိန်ကာလအတွင်း ရေယာဉ်များ ရေကြောင်းအခြေအနေပေါ်မူတည်၍ စနစ်တကျခုတ်မောင်းကြရန် လိုအပ်ကြောင်း သိရသည်။ (၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားတောင်သူများကို Daedong လယ်ယာသုံးစက်ကိရိယာ ၂၅ စီးရောင်းချပေးထား

**မန္တလေး ဖေဖော်ဝါရီ ၂၁**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိသမဝါယမအသင်းသားတောင်သူများကို ကိုရီးယားနိုင်ငံထုတ် Daedong လယ်ယာသုံးစက်ကိရိယာ ၂၅ စီး ရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ Daedong လယ်ယာသုံးစက်ကိရိယာများကို သမဝါယမအသင်းသားတောင်သူများ ကြိုက်နှစ်သက်သည့် စက်အမျိုးအစားအလိုက် ရောင်းချပေးခဲ့ကြောင်း၊ ထိုသို့ရောင်းချပေးရာတွင် DT-100 N၊ CK- 2810၊ DS-3510၊ DS -4110၊ DS-4510၊ EX- 50 HP၊ RX-7620 စက်များကို အသင်းသား တောင်သူများထံ ၂၀၂၃ ခုနှစ် ဧပြီလမှစတင်၍ ရောင်းချပေးခဲ့ရာ ယနေ့ထိ စုစုပေါင်း စက်အစီးရေ ၂၅ စီး ရောင်းချပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်အတွင်းမှာ သမဝါယမအသင်းသားတောင်သူတွေကို ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာတွေ ရောင်းချပေးပါတယ်။ ရောင်းချပေးတဲ့အခါမှာ အရစ်ကျစနစ်ကော လက်ငင်းစနစ်နဲ့ပါ ရောင်းချပေးခဲ့ပါတယ်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးခဲ့ပါတယ်။ တောင်သူတွေ လုပ်ငန်းခွင်အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေပြီး ကူညီဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်အလိုက်ကျေးရွာများမှ အသင်းသားတောင်သူများ မိမိတို့အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးကဏ္ဍများတွင် အချိန်မီ သီးနှံများထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် Daedong လယ်ယာသုံးစက်ကိရိယာများကို ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ရောင်းချပေးသည့်မြို့နယ်များမှာ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ ရမည်းသင်း စသည့်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပန်းနှမ်းများတွင် ၄၄၂၉ ဧကထိ ရိတ်သိမ်းပြီးစီး

**လားရှိုး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပန်းနှမ်း ၄၄၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပန်းနှမ်း ၁၁၆၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းနှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၄၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ ပန်းနှမ်းအပါအဝင် မြေပဲ၊ နေကြာ၊ မုန်ညင်းစေ့တွေကို မြို့နယ်အလိုက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လားရှိုးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပန်းနှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် ပန်းနှမ်းစံပြစိုက်ကွက်တွေကို ဖော်ဆောင်စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ ရိတ်သိမ်းချိန်ကာလမှာ မိုးလေဝသကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ၊ ရာသီအလိုက်ကျရောက်တတ်တဲ့ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေကိုလဲ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးနေပါတယ်"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးမြို့နယ်တွင် ပြီးခဲ့သည့်နှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပန်းနှမ်း ၁၁၃၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဘဒ္ဒါနုသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုသူရိန်ထွန်း-မခိမ်းယု မိသားစုက ဆွမ်းပဒေသာသင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလုထွေးတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၃၂၃၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၃၂၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၃၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ပဲမျိုးစုံ စိုက်ပျိုးနိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ ၁၃၂၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ပဲမျိုးစုံတွေကတော့ ပဲစင်းငုံ၊ ဗိုလ်ကိတ်၊ ပဲလွန်း၊ မတ်ပဲ၊ ပဲနီပြား၊ ပဲကြီး၊ ပဲတီစိမ်းစတဲ့ တခြားပဲမျိုးတွေကိုလဲ စိုက်ပျိုးခဲ့ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ စနစ်တကျစိုက်ပျိုးနိုင်စေဖို့အတွက် နည်းပညာတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေကလဲ ဌာနက ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်ကြပါတယ်။ စိုက်ပျိုးထားတဲ့ ပဲမျိုးစုံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့အတွက် သွင်းအားစု၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေးနှင့် အထွက်နှုန်း ကောင်းမွန်စေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# အမရပူရမြို့နယ် ညောင်ပင်စောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်စောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ပင်စောက်ကျေးရွာ၌ အရှည် ပေ ၈၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၄၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်း စုစုပေါင်း ငွေကျပ် ၁၇၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# တောင်သာမြို့နယ် တောင်လုလင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်လုလင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းလှဲ့အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်လုလင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် သိန်း ၂၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၇၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ်သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



# ပုဂံရာဇဝင်ကျမ်းများကို ခြေရာခံခြင်း (၂)

ဗိုလ်ရှိတ်(ရတနာပူရ)

ပုဂံရာဇဝင်ကျမ်းများကို တတ်အားသရွေ့ရှာဖွေရာတွင် တချို့မှာ ကျမ်းအမည်သာတွေ့ပြီး ကျမ်းစာကိုယ်အပြည့်အစုံမတွေ့ရပါ။ တချို့မှာ တစ်ချိန်က တွေ့ခဲ့ရသော်လည်း ယခုအခါ လိုက်လံရှာဖွေ၍မရအောင် ပျောက်ဆုံးနေသည်ကိုတွေ့ရသည်။ အရှင်နန္ဒဝံသပြုစုသော အာနန္ဒာသမိုင်းသစ်ကျမ်းနှင့် ရွှေစည်းခုံသမိုင်းကျမ်းတွင် ပုဂံရာဇဝင်ကျမ်းများကို ကိုးကားဖော်ပြခဲ့သော်လည်း ယခုအခါ ဆရာတော်ကိုးကားဖော်ပြထားသည့် ထိုကျမ်းတို့ကို ရှာဖွေ၍မရတော့ပါ။ ပုဂံရာဇဝင်ကျမ်းအရေအတွက်ကို ရှာဖွေရာတွင် ရှေးဟောင်းကျမ်းစာအသီးသီးကို ဖတ်ရှုလေ့လာ၍ ရှာဖွေခဲ့ရသည်။ ရှာဖွေတွေ့သမျှ ပုဂံရာဇဝင်ကျမ်း ရေးသားပုံတို့မှာ စကားပြေ၊ လင်္ကာ၊ ပါဠိဟူ၍ သုံးမျိုးတွေ့ရသည်။

**ပုဂံရာဇဝင်ကျမ်းစာရင်း**

ကျွန်တော်ရှာဖွေတွေ့ရသမျှ ပုဂံရာဇဝင်ကျမ်းများကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ပေါက္ကံရာဇဝင် | - ပုဂံမြို့ငှက်ပစ်တောင်ဂေါဓာဝရ |
| ၂။ | ပုဂံရာဇဝင် | - ရှင်ဝဇီရဗုဒ္ဓိ |
| ၃။ | ပုဂံရာဇဝင် | - ရှင်ဂုဏသာမိ သီရိလင်္ကာ |
| ၄။ | ပုဂံရာဇဝင် | - ပုဏ္ဏားအဇာဂရ |
| ၅။ | ပုဂံရာဇဝင်ချုပ် | - အမည်မသိဆရာပြု |
| ၆။ | ပုဂံရာဇဝင် | - ပုဂံမြို့ပုဏ္ဏားဗြာဟ္မဏ |
| ၇။ | ပုဂံရာဇဝင်ဟောင်း | - သက္ကရာဇ် ၉၀၀ ကျော်ရေးဟုခန့်မှန်း |
| ၈။ | ပုဂံရာဇဝင်ဟောင်း | - အမည်မသိဆရာပြု။ ၁၁၅၉ ခုနှစ် ဘိုးတော်ဗဒုံမင်း လက်ထက်ရေး |
| ၉။ | ပုဂံရာဇဝင် | - အမည်မသိဆရာပြု။ ၁၁၉၅ ခုနှစ် ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်ရေး |
| ၁၀။ | ပုဂံနိဒ္ဒေသသမိုင်း | - ပုဂံမြို့စစ်ကဲရွှေတောင်ရာဇနော်ရထာပြု။ ၁၂၀၁ ခုနှစ်ပြုစုပြီး |
| ၁၁။ | ပုဂံမင်းဆက်လင်္ကာ | - အမည်မသိဆရာပြု။ "နောင်လာမှတ်စေ" အစချီသည် |
| ၁၂။ | ပုဂံရာဇဝင်သစ် | - ဦးဘေ(ကိုလိုနီခေတ်ရေး) |

ပုဂံရာဇဝင်ကျမ်းအရေအတွက် ၁၂ စောင်တိတိရသည်။ ယခု ၁၂ စောင်စာရင်းသည် ကျွန်တော်လေ့လာသတိပြုမိသမျှစာရင်းဖြစ်သည်။ ရှေးဟောင်းကျမ်းဂန်များကို ထပ်မံရှာဖွေနိုင်ပါက ပုဂံရာဇဝင်ကျမ်းအရေအတွက် ထပ်မံ၍ထွက်ပေါ်လာဖွယ်ရာရှိသည်။ ယခုဖော်ပြခဲ့သော ၁၂ စောင်စာရင်းတွင်လည်း ပုဂံနိဒ္ဒေသသမိုင်း၊ နောင်လာမှတ်စေချီ ပုဂံမင်းဆက်လင်္ကာ၊ ပုဂံရာဇဝင်သစ် သုံးစောင်မှလွဲ၍ ကျန်ရာဇဝင်ကိုးစောင်လုံးမှာ ပုံနှိပ်မှုဘဝသို့မရောက်ဘဲ တိမ်မြုပ်နေသည်။ ထိုကိုးစောင်တွင်လည်း ကျမ်းစာကိုရှာဖွေ၍တွေ့ရသောရာဇဝင်မှာ ရှင်ဝဇီရဗုဒ္ဓိ၏ ပုဂံရာဇဝင်နှင့် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရေး ပုဂံရာဇဝင်တို့သာဖြစ်သည်။

**ပေါက္ကံရာဇဝင်-ပုဂံမြို့ငှက်ပစ်တောင်ဂေါဓာဝရ**

ဆရာကြီး ဦးမြင့်ဆွေတည်းဖြတ်သော တွင်းသင်းမဟာရာဇဝင်သစ်နိဒါန်းတွင် ပုဂံရာဇဝင်ကျမ်းငါးစောင်စာရင်းပြထားသည်။ ပေါက္ကံရာဇဝင်ကို"ပုဂံမြို့ငှက်ပစ်တောင် ရှင်ဂေါဓာဝရ၏ပေါက္ကံရာဇဝင်"ဟူ၍ပြဆိုထားသည်။ သခင်ကိုယ်တော်မှိုင်း၏ မှန်နန်းရာဇဝင်တော်သစ်တွင် ပေါက္ကံရာဇဝင်၏အမည်ကို "ငှက်ပစ်တောင်ပထမရှင်ဂေါဓာဝရစီရင်သည့် ရာဇဝံသပါဠိ"ဟူ၍ ပြဆိုထားသည်။ ဆရာကြီး ဦးမြင့်ဆွေက ပေါက္ကံရာဇဝင်ဟု သာမန်သာပြဆိုထားသဖြင့် မည်သည့်ဘာသာဖြင့်ရေးသည်ကို ကွဲကွဲပြားပြားမပြောနိုင်ပါ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "ရာဇဝံသပါဠိ"ဟူ၍ ဆိုထားသဖြင့် ငှက်ပစ်တောင် ရှင်ဂေါဓာဝရရေးသော ပေါက္ကံရာဇဝင်သည် ပါဠိဘာသာဖြင့် စီကုံးရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ မိုင်းခိုင်းမင်းကြီးပြုစုသော ပိဋကသုံးပုံစာတမ်းတွင် "ပုဂံမဟာရာဇဝင်ပါဠိ ရှင်ဂေါဓာဝရစီရင်သည်။ ပုဂံမြို့ငှက်ပစ်တောင် ရှင်ဂေါဓာဝရစီရင်သည်"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ရှင်ဂေါဓာဝရစီရင်သော ပေါက္ကံရာဇဝင်သည် ပါဠိဘာသာဖြင့်ရေးသားခဲ့သောကျမ်းဖြစ်ကြောင်း ထင်ရှား၏။ ကျမ်းအမည်မှာလည်း ပေါက္ကံရာဇဝင်၊ ရာဇဝံသပါဠိ၊ ပုဂံမဟာရာဇဝင်ပါဠိဟူ၍ အမည်သုံးမျိုးကွဲပြားနေသည်။ အမည်သုံးမျိုးကွဲပြားသော်လည်း ကျမ်းမှာ တစ်ကျမ်းတည်းသာဖြစ်သည်။

ပေါက္ကံရာဇဝင်သည် တိမ်မြုပ်ပျောက်ကွယ်နေသော ရာဇဝင်တစ်စောင်ဖြစ်သည်။ စာရင်းသာတွေ့ရသော်လည်း စာကိုယ်အပြည့်အစုံမတွေ့ရသေးပါ။ ဤကျမ်းရေးသားပြုစုခဲ့သောခေတ်ကို တိတိကျကျမပြောနိုင်ပေ။ ပုဂံခေတ်ရေး ကျမ်းတစ်စောင်ဟုယူဆစရာရှိသည်။ ပုဂံခေတ်သည် ပါဠိစာပေထွန်းကားသောခေတ်ဖြစ်သဖြင့် ပါဠိဘာသာရေးဖြစ်သည်ကို ထောက်ခြင်းအားဖြင့် ပုဂံခေတ်ရာဇဝင်ကျမ်းဟု ဆိုစရာရှိသည်။ ကျမ်းစာကိုယ်ပြည့်ပြည့်စုံစုံတွေ့မှသာ အတိအကျပြောနိုင်မည်ဖြစ်သည်။

**ပုဂံရာဇဝင်-ရှင်ဝဇီရဗုဒ္ဓိ**

မိုင်းခိုင်းမင်းကြီးဦးယံပြုစုသော ပိဋကသုံးပုံစာတမ်း၌ပါရှိသည့် ရာဇဝင်စာရင်းတွင် ရှင်ဝဇီရဗုဒ္ဓိ၏ ပုဂံရာဇဝင်ကိုဖော်ပြမထားချေ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏မှန်နန်းရာဇဝင်တော်သစ်၌ "ရှင်ဝဇီရစီရင်သည့်ရာဇဝင်ပါဠိ"ဟူ၍ ဖော်ပြထားသည်။ ဆရာကြီး ဦးမြင့်ဆွေက "ရှင်ဝဇီရဗုဒ္ဓိ၏ ပုဂံရာဇဝင်"ဟူ၍ ဖော်ပြထားသည်။ ရှင်ဝဇီရနှင့် အရှင်ဝဇီရဗုဒ္ဓိမှာ အတူတူသာဖြစ်သည်။ ဆရာကြီးဦးမြင့်ဆွေက ပုဂံရာဇဝင်ဟု သာမန်သာရေးသားထားသော်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "ရာဇဝင်ပါဠိ"ဟူ၍ဖော်ပြထားသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှတ်တမ်းတင်ခဲ့သလိုပင် ရှင်ဝဇီရဗုဒ္ဓိ၏ ပုဂံရာဇဝင်သည် ပါဠိဘာသာဖြင့်ရေးသားခဲ့သော ရာဇဝင်ကျမ်းတစ်စောင်ဖြစ်သည်။ မြန်မာဘာသာရေးရာဇဝင်ကျမ်းမဟုတ်ပေ။ ထို့အတူ ဤရာဇဝင်ကျမ်းသည် ပျောက်ဆုံးနေသော ကျမ်းတစ်စောင်မဟုတ်ပါ။ အမျိုးသားစာကြည့်တိုက်တွင် လက်ရေးမူဖြင့်ရှိနေသည်။ လက်ရေးမူတွင် "ရှင်ဝဇီရရေးသောစာ"ဟူ၍ မှတ်တမ်းတင်ထားသည်။ သခင်ကိုယ်တော်မှိုင်း၏အမှတ်အသားနှင့် ထပ်တူညီသဖြင့် ရှင်ဝဇီရဗုဒ္ဓိထက် ရှင်ဝဇီရရေးသည်ဟူသည်က ပို၍သင့်လျော်သကဲ့သို့ရှိပေသည်။ ပုဂံရာဇဝင်ပါဠိကို မည်သည့်ခုနှစ်တွင်ရေးသားပြုစုခဲ့သည်ကို တိတိကျကျ မသိရပါ။ ပညာရှင်များက ပုဂံခေတ်နှောင်းကာလတွင် ရေးသားခဲ့သောကျမ်းဖြစ်နိုင်သည်ဟု မှန်းဆကြသည်။ ဆရာကြီးဦးမြင့်ဆွေက ၁၅ ရာစုက ပေါ်ထွက်ခဲ့သော ရာဇဝင်ကျမ်းစာရင်းတွင် ပေါက္ကံရာဇဝင်ပါဠိကို ထည့်သွင်းဖော်ပြထား၏။ ဆရာကြီးအလိုအရ ပေါက္ကံရာဇဝင်ပါဠိသည် ရာဇဝင်ကျော်ထက်ပင်စောသည်ဟု ဆိုရပေမည်။

❖ ရှေးဟောင်းကျမ်းဂန်များကို ထပ်မံရှာဖွေနိုင်ပါက ပုဂံရာဇဝင်ကျမ်း အရေအတွက် ထပ်မံ၍ထွက်ပေါ်လာဖွယ်ရာရှိသည်။ ယခုဖော်ပြခဲ့သော ၁၂ စောင်စာရင်းတွင်လည်း ပုဂံနိဒ္ဒေသသမိုင်း၊ နောင်လာမှတ်စေချီ ပုဂံမင်းဆက်လင်္ကာ၊ ပုဂံရာဇဝင်သစ် သုံးစောင်မှလွဲ၍ ကျန်ရာဇဝင်ကိုးစောင်လုံးမှာ ပုံနှိပ်မှုဘဝသို့မရောက်ဘဲ တိမ်မြုပ်နေသည်။ ထိုကိုးစောင်တွင်လည်း ကျမ်းစာကိုရှာဖွေ၍တွေ့ရသောရာဇဝင်မှာ ရှင်ဝဇီရဗုဒ္ဓိ၏ ပုဂံရာဇဝင်နှင့် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရေး ပုဂံရာဇဝင်တို့သာဖြစ်သည်။ ❖

ပေါက္ကံရာဇဝင်ပါဠိသည် ပုံနှိပ်မှုဖြင့်မရှိသေးပေ။ ပေမူမှတစ်ဆင့် ကူးယူထားသည့်လက်ရေးမူသာ အမျိုးသားစာကြည့်တိုက်၌ရှိသည်။ ထိုလက်ရေးမူမှာ ချိုင်ရယ်ဆိုဒ်ဖြစ်ပြီး စာမျက်နှာတစ်မျက်နှာလျှင် စာကြောင်းရေ ၂၂ ကြောင်းပါရှိသည်။ စာမျက်နှာ ၁၁၃ မျက်နှာရှိသည်။ ပေါက္ကံရာဇဝင်ပါဠိသည် အခန်းငါးခန်းခွဲခြား၍ ပြုစုထားသည်။ အခန်းတစ်ခန်းပြီးတိုင်း "တတိယောကဏ္ဍောနိဋ္ဌိတော၊ စတုတ္ထောကဏ္ဍောနိဋ္ဌိတော၊ ပဉ္စမောကဏ္ဍောနိဋ္ဌိတော"ဟူ၍ ပါရှိသည်။ ပေါက္ကံရာဇဝင်ပါဠိတွင်ဖော်ပြထားသော သမိုင်းအချက်အလက်တချို့သည် မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် ဆင်တူသည်။ ထိုသို့တူညီသည့်အချက်များကို ဆိုပါဦးမည်။

မထီးတူမသမ္မုလသည် သားငယ်ကို လက်ကဆွဲ၍ နန်းတွင်းသို့လိုက်လာသည်။ ထိုအခါ ကျန်စစ်သားမင်းသည် သမ္မုလကို ဦးဆောက်ပန်းဘွဲ့ဖြင့် သားတော်ကို ဧယျခေတ္တရာဘွဲ့ဖြင့် ဧညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကို ပေးအပ်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိ၌ "ပုတ္တေသယု အဂ္ဂနိ့ဝတ္တာတသို သမ္မုလကုမရိစ ဦးဆောင်းပန်းနာမေန ဒေဝီယဌာနေဌပေတွာပဂ္ဂဏှာတိ။ ပုတ္တမ္ပိသရေခေတ္တရာနာမမေန ပဂ္ဂဏှိတွာ တောင်စဉ်ခုနစ်ခရိုင် ဌာနေနသဟ ဧညဝတီနာဂရံ ဒတွာ သေတဆတ္တိကရာဇာဘာဝံကာရေသိ"ဟူ၍ ဖော်ပြထား၏။

နရသူမင်းကို ပဋိက္ခရားမင်း၏ သူရဲကောင်းရှစ်ဦးက လာရောက်လုပ်ကြံသဖြင့် ကုလားကျမင်းဟုတွင်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိကျမ်း၌ "တသ္မိံခဏော အဋ္ဌကုလာယောဓာပိ အတ္တနံ့ သတ္တေနဝိဇ္ဈတွာ မရဏံ ပါပေယျုံ။ တံကရဏံ ပနိစ္စနရသူရာဇာနံ ကုလားကျရာဇာတိ သမ္မန္နတိ ဝေါဟာရိယန္တိ"ဟု ဖော်ပြထားသည်။

နရသီဟပတေ့မင်းလက်ထက် ကုဗလိုင်ခန်၏ မွန်ဂိုစစ်သည်များ လာရောက်တိုက်ခိုက်သဖြင့် နရသီဟပတေ့မင်းသည် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့ကြောင့် တရုတ်ပြေးမင်းဟု တွင်ခဲ့သည်။ ထိုအကြောင်းကို ပေါက္ကံရာဇဝင်ပါဠိ၌ "သက္ကရာ ဆသာတာလီသဆဝသာကလေန နရသီဟပတေ့ရာဇာ ဥဒည်သွာရဗျောသေသာနိ ဘာယိတွာ ပဏာယိကတ္တာ တံကာရဏံ ပနိစ္စတံ ရာဇနံ တရုတ်ပြေးရာဇတိသဗ္ဗေဇနာ ဝေါဟာရိယန္တိ"ဟု ဖော်ပြထားသည်။

ပေါက္ကံရာဇဝင်ပါဠိကို ရေးသားပြုစုခဲ့သော အရှင်ဝဇီရဗုဒ္ဓိ၏ အတ္ထုပ္ပတ္တိကို မသိရပေ။ အမျိုးသားစာကြည့်တိုက်ရှိ ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူတွင်လည်း"ရှင်ဝဇီရရေးသောစာ"ဟူ၍သာ ရေးမှတ်ထားသည်။ ပေါက္ကံရာဇဝင်ပါဠိသည် ပါဠိဘာသာဖြင့်ရေးသားထားသော ကျမ်းတစ်စောင်ဖြစ်သဖြင့် ပါဠိဘာသာမတတ်သူများလေ့လာရန်မလွယ်ကူပါ။ ထို့ပြင် ပုံနှိပ်မှုဖြင့်မရှိသေးသဖြင့် ပါဠိဘာသာတတ်သူများသည်ပင်လျှင် အလွယ်တကူလေ့လာရန် မလွယ်ကူဖြစ်နေသည်။ ပါဠိ ဘာသာတတ်သူများအနေဖြင့် အမျိုးသားစာကြည့်တိုက်၌ရှိသော ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူကို ကူးယူပြီး မြန်မာဘာသာပြန်၍ ဖော်ပြမည်ဆိုလျှင် သုတေသီတို့အတွက် များစွာအကျိုးများဖွယ်ရာရှိပေသည်။

**ပုဂံရာဇဝင်-ရှင်ဂုဏသာမိသီရိလင်္ကာ**

ရှင်ဂုဏသာမိသီရိလင်္ကာပြုစုသော ပုဂံရာဇဝင်စာရင်းကို ဆရာကြီးဦးမြင့်ဆွေတည်းဖြတ်သော တွင်းသင်းမြန်မာရာဇဝင်သစ် ပထမတွဲနိဒါန်းတွင်သာတွေ့ရသည်။ ဤရာဇဝင်ကျမ်းကို ဆရာကြီးက ၁၅ ရာစုအတွင်းပြုစုခဲ့သောကျမ်းစာရင်း၌ ထည့်သွင်းဖော်ပြထားသည်။ မိုင်းခိုင်းမင်းကြီး၏ ပိဋကသုံးပုံစာတမ်းကျမ်း၊ မှန်နန်းရာဇဝင်တော်သစ်ကျမ်းတို့တွင် ဤရာဇဝင်ကျမ်းစာရင်းကိုမတွေ့ရပေ။ ထို့အတူ ဤရာဇဝင်ကျမ်းသာ ဆရာကြီးဦးမြင့်ဆွေ၏မှတ်တမ်းအရ စာရင်းသာတွေ့ရပြီး စာကိုယ်မတွေ့ရသေးသော ရာဇဝင်ကျမ်းတစ်စောင်ဖြစ်သည်။ ရာဇဝင်ကျမ်းစာကိုယ်မတွေ့ရသေးသဖြင့် ဤပုဂံရာဇဝင်၏အကြောင်းကို ပြည့်စုံစွာမပြောနိုင်သလို ကျမ်းပြုသူ ရှင်ဂုဏသာမိသီရိလင်္ကာ၏အကြောင်းကိုလည်း မသိရပါ။ သုတေသနပြုရှာဖွေဖော်ထုတ်ရဦးမည့် ကျမ်းတစ်စောင်သာဖြစ်သည်။

**ပုဂံရာဇဝင်-ပုဏ္ဏားအဇာဂရ**

ပုဏ္ဏားအဇာဂရပြုစုသော ပုဂံရာဇဝင်စာရင်းကို ဆရာကြီးဦးမြင့်ဆွေ၏မှတ်တမ်း၌သာ တွေ့ရသည်။ အခြားသောကျမ်းတို့တွင် မတွေ့ရပေ။ ဤကျမ်းသည်လည်း တိမ်မြုပ်နေသည့်ကျမ်းတစ်စောင်ဖြစ်သည်။ စာကိုယ်ကိုပင် ရှာမတွေ့သေးပေ။

**ပုဂံရာဇဝင်ချုပ်-အမည်မသိဆရာပြု**

ဤရာဇဝင်ကျမ်းစာရင်းကို ဆရာကြီး ဦးမြင့်ဆွေ၏ မှတ်တမ်း၌တွေ့ရသည်။ စာကိုယ်အပြည့်အစုံ ရှာမတွေ့သေးပေ။

**ပုဂံရာဇဝင်-ပုဂံမြို့ပုဏ္ဏားဗြာဟ္မဏ**

မိုင်းခိုင်းမင်းကြီးဦးယံပြုစုသော ပိဋကသုံးပုံစာတမ်းကျမ်း၌ "ပုဂံရာဇဝင်-ပုဂံမြို့ပုဏ္ဏားဗြာဟ္မဏစီရင်သည်"ဟူ၍ ဖော်ပြထားသည်။ သခင်ကိုယ်တော်မှိုင်း၏မှတ်တမ်းတွင် "ဗြာဟ္မဏပုဏ္ဏားစီရင်သည့် ပုဂံရာဇဝင်ဟောင်း"ဟူ၍ မှတ်တမ်းတင်ထားသည်။ ဆရာကြီးဦးမြင့်ဆွေ၏ စာရင်းတွင်ကား ဤရာဇဝင်ကျမ်းအမည်ကို မတွေ့ရပေ။ မိုင်းခိုင်းမင်းကြီးက "ပုဂံမြို့ပုဏ္ဏားဗြာဟ္မဏစီရင်သည်"ဟု ရေးသားထားသောကြောင့် ကျမ်းပြုသူသည် ပုဂံမြို့တွင် နေထိုင်သူဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ ဤရာဇဝင်ကျမ်းသည်လည်း တိမ်မြုပ်ပျောက်ဆုံးနေသော ရာဇဝင်ကျမ်းတစ်စောင်သာဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒ့ါအပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ငပုတောမြို့နယ်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးမည်

**ငပုတော ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ငပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ဧကများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လျာထားသည့်နွေစပါး ၇၆၀၇ ဧကကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စပါးစိုက်ပျိုးရေး နည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသော စပါးအပင်ဖျက်ပိုးနှင့် ရွှေခရုကာကွယ်ရေးနည်းပညာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ နွေစပါး ၇၆၀၇ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေကို စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစေဖို့အတွက် နိုင်ငံတော်စက်ရုံက ထုတ်လုပ်တဲ့ ပုလဲဓာတ်မြေဩဇာတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့အစီအစဉ်တွေကို လုပ်နေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**ဘုတ်ပြင်း ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကြိမ်မဲတောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရေး၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် ကြွေးကျန်များမပေါ်ပေါက်စေရေး အထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**မင်းမြင့်မိုရ်**

## သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင်

- ရဲရေးရောက်သော် ရှို့ကြောက်မဲ့တွန်
နိုင်ငံ့ဝန်၌ ကုမ္ဘဏ်ယက္ခ
နာဂခြသေ့် ရင်ဆိုင်တွေ့လည်း
ခွာ၍မတွန့် အသက်စွန့်လော့။

- ဂမ္ဘီသာရ သေနင်္ဂဗျူဟာ
ကျမ်းလာအတိုင်း မဆိုင်းမတွ
နိုးထကြလော့ ပေါ့ပေါ့မနေ
တို့တစ်တွေသည် ခါလေကျရောက်
မျက်မှောက်ကာလ တိုင်းပြည်ကလျှင်
ကြာရင်ကျွန်ဘဝ ပြန်ရောက်ရလိမ့်။

- တိုင်းပြည်အတွက် အခက်တွေ့တိုင်း
မဆိုင်းမတွ တပ်မတော်ကလျှင်
ရင်ဆိုင်ရဲ၀့ံ နောက်မတွန့်ဘဲ
တိုက်ပွဲအတွင်း ဝင်ရောက်ချင်းခဲ့
လူပျင်းလူညံ့ စိတ်မန့်သူ
မပါမူဘဲ ရွေးယူကောက်နုတ်
အဟုတ်လူတော် တိုင်းပြည်ပေါ်တွင်
ပေးလျော်အသက် မျိုးဆက်လူငယ်
ရွေးချယ်ပြီးမှ မှုထမ်းကြစို့။

- သင့်အားစောင့်မျှော် တပ်မတော်က
တိုက်ဖော်တိုက်ဖက် အသက်ကိုစွန့်
လူမွန့်လူချွန် တိုင်းပြည့်ဝန်ကို
စွမ်းကုန်ပေးဆပ် မြင့်မြတ်နှလုံး
ပေးအပ်သုံးရန် အချိန်တန်ပြီ။

- လူ့ဘဝကြီးဝယ် ချည်းနှီးသက်သက်
သေသော်ထက်ကား သားစဉ်မြေးမြစ်
ပြောထုံးဖြစ်အောင် ထမ်းဆောင်တာဝန်
ကျေပွန်ကြစို့ အို. . . လူငယ်တို့။
သူ့ကျွန်ဘဝ ပြန်မရောက်စေဖို့။

**ဘိုမျိုး(ရွှေဘို)**


(ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုလျက်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းအတွင်းပိုင်းသို့ ဆက်လက်ထိုးဖောက်ရန် လိုအပ်ကြောင်း ရုရှားသမ္မတပူတင် ပြောကြား



**မော်စကို ဖေဖော်ဝါရီ ၂၁**

စစ်မြေပြင်၌ အောင်ပွဲများ ဆက်လက်ရယူရေးအတွက် ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် ယူကရိန်းနိုင်ငံတွင်းသို့ ဆက်လက်ထိုးဖောက်ဝင်ရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ အက်ဗ်ဒီအစ်ကာမြို့ကို ရုရှားတပ်များ သိမ်းယူခဲ့ပြီးနောက် ယူကရိန်းအတွင်းပိုင်းသို့ စစ်ရေးအရ ဆက်လက်ထိုးဖောက်ချီတက်မည့် အစီအစဉ်ကို သမ္မတပူတင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးယခင်က လူဦးရေ ၃၂၀၀၀ ထိနေထိုင်ခဲ့သော အက်ဗ်ဒီအစ်ကာမြို့ကို ရုရှားတပ်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ရုရှားတပ်များအနေဖြင့် စစ်မြေပြင်၌ အောင်ပွဲများ ဆက်လက်ရယူ၍ ယူကရိန်းအတွင်းပိုင်းသို့ ဆက်လက်ထိုးဖောက်ရန် လိုအပ်ကြောင်း သမ္မတပူတင်က ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်းနှင့် ကရင်မလင်နန်းတော်၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အက်ဗ်ဒီအစ်ကာမြို့သည် ဒွန်းဘက်ခ်ဒေသ၌ တည်ရှိပြီး ဒွန်းဘက်ခ်ဒေသ၏မြို့ ဒွန်းနက်ခ်မြို့မြောက်ဘက်ကိုးမိုင်အကွာတွင် တည်ရှိသည်။

အက်ဗ်ဒီအစ်ကာမြို့ကို ၂၀၁၄ ခုနှစ်တွင် ရုရှားလိုလားသည့် ယူကရိန်း ခွဲထွက်ရေးဝါဒီများက ခေတ္တခဏမျှ သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းတွင် ယူကရိန်းတပ်များက ပြန်လည်သိမ်းပိုက်ခဲ့သော မြို့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂျီရာဆီမော့ဗ် ယူကရိန်းစစ်မြေပြင်သို့ သွားရောက်

**မော်စကို ဖေဖော်ဝါရီ ၂၁**

ရုရှားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လာရီဂျီရာဆီမော့ဗ်သည် ယူကရိန်းစစ်မြေပြင်၌ တိုက်ပွဲဝင်နေသော ရုရှားတပ်ဖွဲ့ဝင်များထံ သွားရောက်ခဲ့ကြောင်း ယနေ့သတင်းများ၌ ရေးသားတင်ပြထားသည်။

ယူကရိန်းနိုင်ငံ အက်ဗ်ဒီအစ်ကာမြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ရှေ့ဆက်ဆောင်ရွက်မည့် စစ်ရေးအစီအစဉ်များကို ဆွေးနွေးရေးအတွက် ရှေ့တန်းစစ်မြေပြင်သို့ ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရှေ့တန်းစစ်မြေပြင် ခရီးစဉ်အတွင်း ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်သည် အက်ဗ်ဒီအစ်ကာမြို့သိမ်းတိုက်ပွဲ၌ပါဝင်ခဲ့သော ရုရှားတပ်ဖွဲ့ဝင်များကို ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယူကရိန်းရှေ့တန်း စစ်မြေပြင်သို့ ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ် သွားရောက်ခဲ့သည့် အချိန်ကာလကို ရုရှားပြည်တွင်းမီဒီယာများ၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ယူကရိန်းစစ်ဘက်က အရှေ့ဘက်နှင့် အနောက်ဘက် စစ်မျက်နှာများ၌ ပြုလုပ်ခဲ့သည့် တန်ပြန်ထိုးစစ်များ ပျက်ပြားခဲ့ရပြီးနောက် ယူကရိန်းစစ်မြေပြင်တွင် ရုရှားတပ်များက စစ်ရေးအရ အရေးသာလာခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



# နယူးဒေလီသို့ချီတက်နေသော လယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ မျက်ရည်ယိုဗုံးများဖြင့် တားဆီး

**ဒေလီ ဖေဖော်ဝါရီ ၂၁**

နယူးဒေလီမြို့သို့ ချီတက်ရန် ကြိုးပမ်းနေသည့် ဆန္ဒပြအိန္ဒိယ လယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့က ယနေ့တွင် မျက်ရည်ယိုဗုံးများဖြင့် တားဆီးခဲ့ကြောင်း သိရသည်။

ဆန္ဒပြ အိန္ဒိယလယ်သမားများသည် ကောက်ပဲသီးနှံဈေးနှုန်းသတ်မှတ်ရေးနှင့်ပတ်သက်၍ အစိုးရ၏ ကမ်းလှမ်းချက်များကို ငြင်းပယ်ခဲ့ပြီးနောက် နယူးဒေလီမြို့သို့ဆက်လက်ချီတက်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ခုနှစ်တွင် ပေးထားသည့် ကတိကဝတ်များအတိုင်းကောက်ပဲသီးနှံဈေးနှုန်းများမြှင့်တင်ပေးရေးအတွက် အစိုးရကိုဖိအားပေးရန် အိန္ဒိယလယ်သမားများက ဆန္ဒပြနေကြခြင်းဖြစ်သည်။

ယနေ့တွင် အိန္ဒိယရဲတပ်ဖွဲ့သည် နယူးဒေလီမြို့နှင့် ၁၂၅ မိုင်ခန့်အကွာ အဝေးပြေးလမ်းတစ်ခုပေါ်တွင် နယူးဒေလီသို့ချီတက်လာသည့်လယ်သမားများကို မျက်ရည်ယိုဗုံးများသုံး၍ တားဆီးခဲ့ကြောင်း သိရသည်။

၂၀၂၀ ခုနှစ်ကလည်း အိန္ဒိယလယ်သမားများသည် နယူးဒေလီမြို့သို့ချီတက်၍ စိုက်ပျိုးရေးလုပ်ငန်းပြုပြင်ပြောင်းလဲရေး ဥပဒေများကို ပြန်လည်ပယ်ဖျက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြဖူးသည်။

နယူးဒေလီမြို့၌ ချီတက်ရန် ကြိုးစားနေသည့် လယ်သမားအများစုမှာ ပန်ဂျပ်ပြည်နယ် အနောက်ပိုင်းမှ လယ်သမားများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ယခုနှစ် မေ ၂၉ ရက်တွင် တောင်အာဖရိက၌ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကျင်းပမည်

**ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၂၁**

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများနှင့် ပြည်နယ်ရွေးကောက်ပွဲများကို ယခုနှစ် မေ ၂၉ ရက်တွင် ကျင်းပရန် တောင်အာဖရိကနိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

တောင်အာဖရိက အမျိုးသားရွေးကောက်ပွဲများနှင့် ပြည်နယ်ရွေးကောက်ပွဲများကျင်းပမည့်အချိန်ကို တောင်အာဖရိကသမ္မတရုံးက အတည်ပြု သတင်းထုတ်ပြန်ထားခြင်း ဖြစ်သည်။

မေ ၂၉ ရက်ရွေးကောက်ပွဲများသည် လူဖြူအုပ်စိုးမှုစနစ်အဆုံးသတ်ခဲ့ချိန် ၁၉၉၄ ခုနှစ်နောက်ပိုင်း ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးရွေးကောက်ပွဲဖြစ်လာနိုင်သည်။

ယင်းရွေးကောက်ပွဲများ၌ လက်ရှိအာဏာရ အာဖရိကန်ကွန်ဂရက်ပါတီသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တော်ကို အမတ်နေရာအများစုဖြင့်ထိန်းချုပ်နိုင်စွမ်းကို လက်လွှတ်ဆုံးရှုံးရဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများနှင့် ပြည်နယ်ရွေးကောက်ပွဲများပြီးဆုံးချိန်တွင် အသစ်ပေါ်ထွက်လာမည့် အမျိုးသားလွှတ်တော်သစ်က သမ္မတသစ်တစ်ဦး ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

အသက် ၇၁ နှစ်အရွယ် လက်ရှိသမ္မတ ရာမာဖိုဆာသည် သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ထပ်မံပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ယခုနှစ်ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသည် ၂ ဒသမ ၆၉ သန်းရှိ

**တိုကျို ဖေဖော်ဝါရီ ၂၁**



ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပခရီးသွားဧည့်သည် နှစ်သန်းကျော်ထိ ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ကြကြောင်း ယနေ့သတင်းများအရသိရသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း စီးပွားရေးအရ၊ အလည်အပတ်ခရီးများအရ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့သော ပြည်ပခရီးသွားဧည့်သည် အရေအတွက်မှာ ၂ ဒသမ ၆၉ သန်းထိရှိခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ထုတ်ပြန်သည့်သတင်းအချက်အလက်များ၌ ဖော်ပြထားသည်။

သို့သော် ယခုနှစ် ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်လာခဲ့သည့် ခရီးသွားဧည့်သည် အရေအတွက်မှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည်အရေအတွက်ထက် အနည်းငယ်ပိုကျဆင်းသွားကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ဝင်ရောက်လာခဲ့သည့် ကမ္ဘာလှည့် ခရီးသည်အရေအတွက်မှာ ၂ ဒသမ ၇၃ သန်းထိရှိခဲ့သည်။

သို့သော် ယခုနှစ် ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ရောက်ရှိလာသည့်ခရီးသည်အရေအတွက်အရ ယခုနှစ်သည် ဂျပန်နိုင်ငံအတွက် ခရီးသွားလုပ်ငန်းစံချိန်တင်မြင့်တက်လာနိုင်ဖွယ်ရှိသည့် နှစ်တစ်နှစ်ဖြစ်လာနိုင်ကြောင်း သိရသည်။

ဂျပန်အနောက်ပိုင်း အီရှီကာဝါစီရင်စု၌ ဇန်နဝါရီ ၁ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်သည် ဇန်နဝါရီလ ခရီးသွားဝင်ရောက်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်ဟု ဂျပန်တာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက အင်ဒိုနီးရှားနိုင်ငံ၏ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ပေးခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၏ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

မီရာပူတီ-၂ အမည်ရှိ အင်ဒိုနီးရှား ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၃၄ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် မီရာပူတီ-၂ ဆက်သွယ်ရေးဂြိုဟ်တုကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

မီရာပူတီ-၂ ဆက်သွယ်ရေး ဂြိုဟ်တုမစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ အကြိမ် ၃၀၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

အလေးချိန်ကီလိုဂရမ် ၄၀၀၀ ရှိသော မီရာပူတီ-၂ ဆက်သွယ်ရေး ဂြိုဟ်တုသည် အင်ဒိုနီးရှားပြည်သူများအတွက် ၁၅ နှစ်ကြာ အင်တာနက်ဝန်ဆောင်မှုပေးမည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ပထမဆုံး ဖယ်လ်ကွန်-၉ ဒုံးပျံကို ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်သိမ်အကြီးစားနှစ်စင်းတို့၌ မြေအောက်သမုဒ္ဒရာများ ရှိနေနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်သိမ်အကြီးစားနှစ်စင်းတို့၌ မြေအောက်သမုဒ္ဒရာများ ရှိနေနိုင်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဆောက်သ်ဝက်စ် သုတေသနအင်စတီကျုမှ သိပ္ပံပညာရှင်များ၏ အဆိုအရ အားရစ်အမည်ရှိ ဂြိုဟ်သိမ်နှင့် မာကေမာကေအမည်ရှိ ဂြိုဟ်သိမ်များပေါ်တွင် မြေအောက်သမုဒ္ဒရာများကို ရေခဲတော်အသွင်ဖြင့် ထိန်းထားနိုင်လောက်အောင် လုံလောက်သည့် ဘူမိအပူဓာတ်လှုပ်ရှားမှုများ ရှိနေကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် ရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော အချက်အလက်များအရ အားရစ်ဂြိုဟ်သိမ်နှင့် မာကေမာကေဂြိုဟ်သိမ်များပေါ်တွင် မြေအောက်ဘူမိအပူဓာတ်လှုပ်ရှားမှုများကြောင့် မီသိန်းအလွှာများ ပေါ်ထွက်နေသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် အဆိုပါဂြိုဟ်သိမ်နှစ်စင်း၏ ဘူမိအပူဓာတ်လှုပ်ရှားမှုများသည် မြေအောက်သမုဒ္ဒရာများကို ရေခဲတော်အသွင်ဖြင့် ထိန်းထားနိုင်လောက်အောင် အားကောင်းမှုရှိနိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အားရစ်ဂြိုဟ်သိမ်နှင့် မာကေမာကေဂြိုဟ်သိမ်တို့သည် ကွိုပါခါးပတ်ကွင်းနယ်မြေအတွင်း တည်ရှိသည့် ဂြိုဟ်သိမ်များဖြစ်ကြကြောင်း သိရသည်။

အားရစ်ဂြိုဟ်သိမ်သည် နေနှင့် မိုင်ပေါင်း ၈ ဒသမ ၉ ဘီလီယံကွာဝေးပြီး မာကေမာကေဂြိုဟ်သိမ်ကမူ မိုင်ပေါင်း ၄ ဒသမ ၈ ဘီလီယံ အကွာ၌ တည်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Intuitive Machine ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်ဆင်းသက်ရန်ကြိုးစားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machine ကုမ္ပဏီ၏ အိုဒက်ဆပ် လဆင်းယာဉ်သည် ယနေ့တွင် လပတ်လမ်းအတွင်း စတင်ဝင်ရောက်ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ဒုံးကန်အားစနစ်များ အကူအညီဖြင့် ယနေ့တွင် လပတ်လမ်းအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း Intuitive Machine ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လဆင်းယာဉ်သည် လပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီး တစ်ရက်အကြာ ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ် လဆင်းယာဉ်သည် လကမ္ဘာ တောင်ဝင်ရိုးစွန်းနယ်မြေရှိ အချင်းမိုင် ၁၉၀ ရှိသော ဉက္ကာချိုင့်ဝှမ်းငယ်တစ်ခုပေါ်တွင် ဆင်းသက်မည်ဖြစ်သည်။

ဆင်းသက်မှုအောင်မြင်ခဲ့ပါက အိုအက်ဆပ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိကလဆင်းယာဉ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Intuitive Machine ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အယ်ဇိုင်းမားရောဂါဆေးသစ်များ သုံးစွဲရာတွင် သတိထားအသုံးပြုသင့်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

အယ်ဇိုင်းမားရောဂါဆေးဝါးသစ်များသုံးစွဲရာတွင် သတိထားအသုံးပြုသင့်ကြောင်း ဆေးပညာရှင်များက ပြောကြားထားသည်ဟု ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန် အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(အက်ဖ်ဒီအေ)သည် အယ်ဇိုင်းမားရောဂါတိုးလာမှုကို အရှိန်နှေးကွေးစေနိုင်သော ပထမဆုံးဆေးဝါးကို အသုံးပြုခွင့်ပေးခဲ့သည်။

Lecanemab ဆေးသည် အယ်ဇိုင်းမားရောဂါ စတင်ဖြစ်ပွားခါစလူနာများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကို ၁၈ လတာကာလအတွင်း ၂၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထိုနည်းတူ Donanemab အမည်ရှိ အယ်ဇိုင်းမားရောဂါဆေးတစ်မျိုးကိုလည်း အသုံးပြုခွင့်ပေးရန် အမေရိကန်နှင့် ဗြိတိန်တာဝန်ရှိသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အထက်ပါ အယ်ဇိုင်းမားရောဂါဆေးများကြောင့် ဦးနှောက်ထုထည်လျော့ပါးသွားနိုင်သည်ဟု ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ အယ်ဇိုင်းမားဆေးသစ်များကို သုံးစွဲသူများ၏ ဦးနှောက်ကျုံ့ဝင်မှုမှာ ပုံမှန်ထက် မြန်ဆန်ခဲ့ပုံရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## ပရိုတင်းဓာတ် လွန်ကဲစွာစားသုံးခြင်းကြောင့် သွေးကြောများအတွင်း အဆီစုစည်းလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

ပရိုတင်းဓာတ် လွန်ကဲစွာစားသုံးခြင်းကြောင့် သွေးကြောများအတွင်း အဆီစုစည်းလာနိုင်ပြီး နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ပရိုတင်းဓာတ်သည် ကြွက်သားတည်ဆောက်မှုကို အားပေးပြီး အစာစားလိုစိတ်ကို ဖိနှိပ်ပေးနိုင်သည့် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားသည်။


သို့ရာတွင် အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်စားသုံးသော ကယ်လိုရီပမာဏစုစုပေါင်း၌ ပရိုတင်း ငါးပုံတစ်ပုံထိ ပါဝင်ပါက သွေးကြောများကို အဆီများဖြင့် ပိတ်ဆို့နိုင်သည့်ဆဲလ်များ လှုပ်ရှားမှုပိုကောင်းလာတတ်ကြောင်း သိရသည်။

သွေးကြောများအတွင်း အဆီဓာတ်များ အနည်ထိုင်စုစည်းမှုကြောင့် ကိုယ်ခန္ဓာအနှံ့သွေးစီးဆင်းမှုများ အကန့်အသတ်ရှိလာပြီး နှလုံးရတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေများ မြင့်မားလာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ ယနေ့ကာလတွင် လူအများ နေ့စဉ်စားသုံးသော ကယ်လိုရီပမာဏ၏ ငါးပုံတစ်ပုံမှာ ပရိုတင်းဓာတ်များ ဖြစ်နေကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၂၃ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ယူရို ၂၀၂၄ play-off ပွဲစဉ်တွင် ရမ်ဆေး ပါဝင်နိုင်မည်မဟုတ်ကြောင်း ကာဒစ်အသင်းပြောကြား

**ကာဒစ် ဖေဖော်ဝါရီ ၂၁**

အသက် ၃၃ နှစ်ရှိ ကွင်းလယ်ကစားသမား ရမ်ဆေးသည် ဒူးဒဏ်ရာကြောင့် ငါးလနီးပါး အနားယူခဲ့ရပြီး လက်ရှိတွင်ဒဏ်ရာအခြေအနေမှာ သက်သာလာခြင်းမရှိသေးသဖြင့် လာမည့် မတ်လတွင် ကစားရမည့် ဖင်လန်အသင်းနှင့် ယူရို ၂၀၂၄ play-off ပွဲစဉ်ကို ပါဝင်နိုင်မည် မဟုတ်ကြောင်း ကာဒစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ရမ်ဆေးသည် ဒဏ်ရာကြောင့် ငါးလနီးပါးအနားယူခဲ့ရပြီးနောက် ယခုလအစပိုင်းတွင် ကာဒစ်အသင်းနှင့် နှစ်ကြိမ်လူစားဝင်ကစားသမားအဖြစ် ပြန်လည်ပါဝင်လာခဲ့သော်လည်း ဒဏ်ရာအခြေအနေမှာ သက်သာလာခြင်းမရှိသဖြင့် စကန်ဖတ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ခဲ့ရာ မတ်လကုန်ထိအနားယူရမည်ဖြစ်ကြောင်း ကာဒစ်အသင်းက အတည်ပြုပြောကြားခဲ့သည်။

ထို့ကြောင့် ၎င်းသည် မတ် ၂၂ ရက်တွင် ကာဒစ်မြို့၌ကျင်းပမည့် ဖင်လန်အသင်းနှင့် ဝေးလ်အသင်းတို့ကစားရမည့် ယူရို ၂၀၂၄ play-off ဆီမီးဖိုင်နယ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး အဆိုပါပွဲစဉ်မှအနိုင်ရသည့်အသင်းက ပိုလန်အသင်းနှင့် အက်စ်တိုးနီးယားတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် play-off ဗိုလ်လုပွဲကစားပြီး အနိုင်ရသည့်အသင်းတစ်သင်းက ယူရို ၂၀၂၄ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ကာဒစ်အသင်းက "ရမ်ဆေးလိုကစားသမား တစ်ယောက်ကို ငါးလကျော်ထိ လက်လွှတ်ရတဲ့ အခြေအနေက အသင်းအတွက် အရမ်းခက်ခဲပါတယ်။ လက်ရှိမှာလဲ ဒဏ်ရာအကင်းမသေ သေးတာကြောင့် နောက်ထပ် ရက်သတ္တ ခြောက်ပတ်လောက်ထိ အနားယူရအုံးမှာပါ။ အသင်းအနေနဲ့ နောက်ဆုံးအိမ်ကွင်း လေးပွဲဆက်တိုက်မှာ ဂိုးမရခဲ့ဘဲ ရမှတ်ခွဲပေးခဲ့ရပါတယ်။ ခံစစ်ကစားပုံကောင်းပေမဲ့ တိုက်စစ်ပိုင်းမှာ ဂိုးရဖို့လိုအပ်ချက်တွေရှိနေပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**





## အားကစားသတင်း အတိုအထွာများ

- ဒေါ့မွန်အသင်းက ဆန်ချိုကိုအပြီးသတ်ဝယ်ယူရန် ဘဏ္ဍာရေးအခက်အခဲရှိသောကြောင့် ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန်ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။
- အေဗီလာတိုက်စစ်မှူး ဝက်ကင်းကိုခေါ်ယူရန် အာဆင်နယ်က ပြန်လည်ကြိုးပမ်းခဲ့ပြီး နွေရာသီအပြောင်းအရွှေ့တွင် တရားဝင်ကမ်းလှမ်းဖွယ်ရှိကြောင်း သိရသည်။
- တိုက်စစ်မှူးနေမာအနေဖြင့် ဒဏ်ရာပြင်းထန်စွာရရှိထားသော်လည်း ဒဏ်ရာပျောက်ကင်းသွားပါက အဓိက ကစားသမားအဖြစ် ဆက်လက်ကစားနိုင်မည်ဖြစ်ကြောင်း ဘရာဇီးနည်းပြဒိုရစ်ဗယ်က ပြောကြားခဲ့သည်။

**ML**

# Dubai Tennis Championships တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် စဝီယာတက်ခ်နှင့် ကိုကိုဂတ်တို့နိုင်ပွဲကိုယ်စီရရှိ



**ဒူဘိုင်း ဖေဖော်ဝါရီ ၂၁**

အာရပ် စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Dubai Tennis Championships တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်များအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်က အမေရိကန်တင်းနစ်မယ်စတီဖင်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကမ္ဘာ့အဆင့်(၃) တင်းနစ်မယ်ကိုကိုဂတ်က အီတလီတင်းနစ်မယ် ကိုစီအာရက်တိုနှင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် စတီဖင်တို့ပွဲစဉ်တွင် စဝီယာတက်ခ်က (၆-၄ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ကိုကိုဂတ်က ကိုစီအာရက်တိုကို(၆-၁၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်က နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရပြီး ဒုတိယအဆင့်တွင် စတီဖင်ကို ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုကိုဂတ်မှာ နိုင်ခြေအဆင့်(၃)အဖြစ် သတ်မှတ်ခံထားရပြီး ကိုစီအာရက်တိုကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်းဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ဒီပွဲစဉ်မှာ အပေါင်းလက္ခဏာ ဆောင်တဲ့ စိတ်ပိုင်းဆိုင်ရာခံစားမှုတွေ ရရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာကိုဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ စတီဖင်က အကောင်းဆုံးကစားနိုင်ခဲ့တယ်။ Set တွေမှာ တစ်ယောက်နဲ့တစ်ယောက် အနိုင်ရဖို့အတွက် အကြိတ်အနယ် ကစားခဲ့ရတယ်။ ဒီပွဲစဉ်ဟာ ကျွန်မအတွက်တော့ စိတ်လှုပ်ရှားစရာကောင်းတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် တတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ကိုကိုဂတ်သည်တတိယအဆင့်တွင် ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၁**

မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းက အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းပေးနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ် ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခင်က စပါးအသင်းတိုက်စစ်မှူးဟောင်း ဟယ်ရီကိန်းက ပရီးမီးယားလိဂ်ပြိုင်ဘက် အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် စံချိန်သစ်တင်ထားသော်လည်း ယခုအခါ မန်စီးတီးအသင်းတိုက်စစ်မှူးဟာလန်းက ပရီးမီးယားလိဂ်သို့ရောက်ရှိခဲ့ပြီး ဘောလုံးရာသီနှစ်ရာသီမှာပင် ဟယ်ရီကိန်း၏စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်းသည် ပွဲထွက်လူစာရင်းတွင်ပါဝင်လာခဲ့ပြီး ပွဲစကတည်းက ပြိုင်ဘက်ကိုဦးဆောင်ဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်း၏ ခံစစ်ကစားပုံကြောင့်ဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပွဲကစားချိန် ၇၁ မိနစ် အရောက်တွင် တိုက်စစ်မှူးဟာလန်းက မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ၎င်းအနေဖြင့်လည်း ယခုနှစ်ဘောလုံးရာသီတွင် စုစုပေါင်းသွင်းဂိုး ၂၂ ဂိုးထိသွင်းယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်အပြီးတွင် မန်စီးတီးအသင်းက ၂၅ ပွဲကစားအပြီး ရမှတ် ၅၆ မှတ်ရရှိခဲ့ပြီး အဆင့်(၁)မှ လီဗာပူးအသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟတော့သည့်အပြင် အဆင့်(၃)မှ အာဆင်နယ်အသင်းကိုလည်း ရမှတ်တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**





# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂရစ်ဇ်မန်းနှင့် ဂျီမီနက်ဇ်တို့ ဒဏ်ရာရရှိခဲ့ကြောင်း အေတီကိုအသင်းထုတ်ပြန်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် အင်တာမီလန်အသင်းနှင့်အေတီကိုအသင်းတို့ကစားခဲ့ရာ အင်တာမီလန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သော်လည်း ဂျီမီနက်ဇ်နှင့်ဂရစ်ဇ်မန်းတို့ဒဏ်ရာရရှိခဲ့ကြောင်း အေတီကိုအသင်းက ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမား ဂျီမီနက်ဇ်သည် ဒုတိယပိုင်းပွဲအစတွင် အသင်းဖော်ကစားသမားဆာဗစ်နှင့်လူစားလဲခဲ့ရပြီး တိုက်စစ်မှူးဂရစ်ဇ်မန်းအနေဖြင့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပွဲကစားချိန် ၇၈ မိနစ်တွင် အသင်းဖော်ကစားသမားကော်ရီယာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ကစားသမားနှစ်ဦးစလုံး၏ ဒဏ်ရာအခြေအနေကိုစစ်ဆေးမှုများပြုလုပ်နေသော်လည်း လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကစားရမည့် အယ်မာရီယာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြဆီမွန်နီက ပြောကြားခဲ့ပြီး ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု အတည်ပြုခဲ့သည်။

အေတီကိုအသင်းသည် အင်တာမီလန်နှင့်ပွဲစဉ်တွင် အဝေးကွင်းသွားရောက် ကစားခဲ့ရသဖြင့် ဦးဆောင်ဂိုး ခွင့်မပြုရရေးအတွက်သာကြိုးပမ်းကစားခဲ့ရပြီး တိုက်စစ်ဆင်မှုတစ်ကြိမ်မျှ မပြုလုပ်နိုင်ခဲ့ဘဲ အင်တာမီလန်အသင်းကသာ ပွဲချိန်ပြည့်ဖို့အားပေးခဲ့ကာ ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်တွင် ဂိုးအဖြစ်တစ်ကြိမ်ပြောင်းလဲနိုင်ခဲ့သောကြောင့် အေတီကိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရေးအတွက်အခြေအနေကောင်းများပိုင်ဆိုင်ခဲ့ကာ ဒုတိယအကျော့ပွဲစဉ်ကို လာမည့်မတ် ၁၄ ရက်တွင် အေတီကိုအသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း လက်ထောက်အသင်းခေါင်းဆောင် လေးဦးခန့်အပ်

**ဗာဂျီးနီးယား ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် ကျင်းပသွားမည့် 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းသည် အသင်းခေါင်းဆောင်နှင့် လက်ထောက်အသင်းခေါင်းဆောင်များ ခန့်အပ်ခြင်းကို စတင်ပြုလုပ်လာခဲ့ပြီးနောက် အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးခန့်အပ်ခံထားရသည့် အမေရိကန်ဂေါက်သီးရိုက်မယ် စတေစီသည် လက်ထောက်အသင်းခေါင်းဆောင်လေးဦးကို ၎င်းစိတ်ကြိုက်ခန့်အပ်ခဲ့သည်။




စတေစီသည် အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသော မော်ဂန်၊ အန်ဂျယ်လာ၊ ပေါလ်လာ၊ ဘရစ်တနေတို့ကို လက်ထောက်အသင်းခေါင်းဆောင်များအဖြစ်ခန့်အပ်ခဲ့သည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မော်ဂန်နှင့်အန်ဂျယ်လာတို့သည် 2023 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ထောက်အသင်းခေါင်းဆောင်များအဖြစ် တာဝန်ယူခဲ့ဖူးသူများဖြစ်ပြီး ပေါလ်လာနှင့် ဘရစ်တနေတို့မှာ လက်ထောက်အသင်း ခေါင်းဆောင်များအဖြစ် ပထမဦးဆုံးအကြိမ် တာဝန်ယူသွားကြမည်ဖြစ်သည်။

Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဥရောပအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်သည့် အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်ပြီး ဥရောပအသင်းက သုံးကြိမ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးရရှိထားကြောင်း သိရသည်။

Ref : RT
Trs : AZL

## တံကောက်ကြောဒဏ်ရာကြောင့် လီဗာပူးအသင်း ဂိုးသမားအယ်လ်စဆန် မတ်လကုန်ထိအနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

လီဗာပူးအသင်းအဓိကဂိုးသမား အယ်လ်စဆန်သည် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင်ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် မတ်လကုန်ထိ အနားယူရမည်ဟု နည်းပြကလော့ပ်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ အယ်လ်စဆန်သည် ဖေဖော်ဝါရီ ၃ ရက်က ကစားခဲ့သည့် အာဆင်နယ်အသင်းက လီဗာပူးအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး အစောပိုင်းက ရက်သတ္တအနည်းငယ်သာ အနားယူရမည်ဟု ခန့်မှန်းထားသော်လည်း အသေးစိတ် စစ်ဆေးခဲ့ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်နေသည့်အတွက် တစ်လကျော်ကြာအနားယူသွားရမည်ဖြစ်သည်။

အယ်လ်စဆန်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် လီဗာပူးအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီး ဘောလုံးရာသီတိုင်းတွင် အသင်းအဓိကဂိုးသမားအဖြစ်ပါဝင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားများမှတစ်ဦးအပါအဝင် ရပ်တည်လျက်ရှိနေသူဖြစ်သည်။

အယ်လ်စဆန်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄ ပွဲပါဝင်ကစားခဲ့ကာ ၂၁ ဂိုးတည်းသာပေးဂိုးရှိခဲ့ပြီး ဂိုးမပေးရသည့်ပွဲစဉ်ကိုးပွဲထိရရှိအောင် စွမ်းဆောင်ထားသည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ခုနစ်ပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားသူဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : STA



## နည်းပြကလော့ပ်အနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းကိုပြောင်းရွှေ့မည်မဟုတ်ဟု အေးဂျင့်ဖြစ်သူပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

လီဗာပူးအသင်း နည်းပြကလော့ပ်၏ အေးဂျင့်ဖြစ်သူ မက်ကိုဆီကီက နည်းပြကလော့ပ်အနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ထံ ပြောင်းရွှေ့မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြကလော့ပ်သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဒေါ့မွန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး လီဗာပူးအသင်းကို ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့ကာ ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု အစောပိုင်းကတည်းက အတည်ပြုထားခြင်းဖြစ်သည်။

နည်းပြကလော့ပ်နှင့် လီဗာပူးအသင်းတို့သည် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသော်လည်း ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ကစားသမားခေါ်ယူမှုအပိုင်းနှင့်ပတ်သက်ပြီး အသင်းမှတာဝန်ရှိသူများနှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ပြီးနောက် စာချုပ်သက်တမ်းမကုန်ဆုံးမီအသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဘာစီလိုနာအသင်းနည်းပြဇာဗီသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဟုအတည်ပြုခဲ့ပြီးနောက် ဘာစီလိုနာအသင်းက နည်းပြသစ်အဖြစ် ကလော့ပ်ကို ခန့်အပ်ရန် ပြင်ဆင်နေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် လက်ရှိနည်းပြတူချယ်နှင့်လမ်းခွဲသွားမည်ဟု အတည်ပြုကြေညာခဲ့ပြီးနောက် နည်းပြသစ်စာရင်းတွင် နည်းပြကလော့ပ်ပါဝင်နေသည့်အတွက် အေးဂျင့်မက်ကိုဆီကီက ငြင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : STA

## ကေတီတေလာနှင့် ချန်တယ်လီတို့ တတိယမြောက် မကျေပွဲစဉ်ကို မေ ၂၅ ရက်တွင် ထိုးသတ်မည်

**ဒပ်ဗ်လင် ဖေဖော်ဝါရီ ၂၁**

WBA၊ WBC၊ IBF၊WBO၊ IBO အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်များအတွက် လက်ရှိချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် ချန်ပီယံဟောင်းအင်္ဂလန်လက်ဝှေ့မယ် ချန်တယ်လီတို့ မေ ၂၅ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့ရှိ အရီနာကွင်းကြီးတွင် ထိုးသတ်မည်ဖြစ်ကြောင်း ကေတီတေလာ၏ Promoter ဖြစ်သူ အက်ဒီဟန်းက ယနေ့တွင်ထုတ်ပြန်ကြေညာခဲ့သည်။

ကေတီတေလာနှင့် ချန်တယ်လီတို့အကြား ပထမဦးဆုံးသောစိန်ခေါ်ပွဲအဖြစ် ၂၀၂၃ ခုနှစ် မေ ၂၀ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့ရှိ အရီနာကွင်းကြီးတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ချန်တယ်လီကအနိုင်ရရှိခဲ့သည်။

မကျေပွဲစဉ်အဖြစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့ အရီနာကွင်းကြီးတွင် ထိုးသတ်ခဲ့ရာ ကေတီတေလာက ဒိုင်အမှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။

၎င်းတို့အကြား ပြတ်သားသည့် အနိုင်အရှုံးရလဒ်ထွက်ပေါ်လာရေးအတွက် တတိယမြောက်မကျေပွဲစဉ်ကိုထိုးသတ်မည်ဖြစ်ရာ အဆိုပါပွဲစဉ်သည် ၎င်းတို့အကြား အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမည့်ပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။

အင်္ဂလန်လက်ဝှေ့မယ်ချန်တယ်လီက "ဒီပွဲစဉ်က ကျွန်မတို့အကြားနောက်ဆုံးတွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်လာလိမ့်မယ်။ ပထမအကြိမ်တွေ့ဆုံခဲ့တုန်းက ကျွန်မအနိုင်ရခဲ့တယ်။ ဒုတိယအကြိမ်မှာတော့ ကေတီက အနိုင်ရသွားခဲ့တယ်။ တတိယမြောက် မကျေပွဲစဉ်မှာတော့ ကျွန်မရဲ့ခါးပတ်တွေကို ပြန်ယူချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

## အိုင်ဗရီကို့စ်ဘောလုံးအဖွဲ့ချုပ်က အသင်းနည်းပြရာထူးအတွက် နည်းပြအီမားဖိုင်းကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်




**အဘစ်ဂျန် ဖေဖော်ဝါရီ ၂၁**

အိုင်ဗရီကို့စ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် အသင်းနည်းပြ ရာထူးအတွက် ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေသည့် နည်းပြအီမားဖိုင်းကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အိုင်ဗရီကို့စ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှထွက်ခွာရန် နီးစပ်ခဲ့သော်လည်း အကောင်းဆုံးအုပ်စုတတိယဖြင့် (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမပြီးဆုံးမီ အုပ်စုသုံးပွဲကစားပြီးချိန်တွင် နည်းပြလူးဝစ်ဂက်ဆက်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် လက်ကျန်ပွဲစဉ်များအတွက် ယာယီနည်းပြအဖြစ် နည်းပြအီမားဖိုင်းကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြ အီမားဖိုင်းသည် အိုင်ဗရီကို့စ်အသင်းကို အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် (၁၆)သင်းရှုံးထွက်အဆင့်မှစတင်တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ဆီနီဂေါအသင်း၊ မာလီအသင်း၊ ကွန်ဂိုအသင်း စသည့်အသင်းများကို အဆင့်ဆင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲစဉ်ထိတက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အလားတူ ဗိုလ်လုပွဲစဉ်တွင်လည်း နိုင်ဂျီးရီးယားအသင်းနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူး ပေးနိုင်ခဲ့သည့်အတွက် အိုင်ဗရီကို့စ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း နည်းပြအီမားဖိုင်းကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# နိုင်ငံတော်ကိုကာကွယ်ဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ထောက်ခံကြိုဆိုကြပါစို့

> ❖ ကျွန်ုပ်တို့နိုင်ငံသည် လူဦးရေထူထပ်များပြားသော နိုင်ငံကြီးများအလယ်တွင် တည်ရှိနေပြီး ပထဝီနိုင်ငံရေးအရ ဒေသတွင်း အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်နေသည့်အပြင် လက်ရှိ ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ ပြည်သူ့စစ်မှုထမ်းဥပဒေကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အမိမြန်မာနိုင်ငံတော်ကြီးကိုကာကွယ်ရန်အတွက် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အရင်းခံ၍ တပ်မတော်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီး တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များအဖြစ် ဘဝကို ခိုင်ခိုင်မာမာရပ်တည်နေသော စစ်သားကောင်းများစွာ တပ်မတော်တွင်း၌ ရှိနေပါသည်။ ❖

လူကြီးသူမများပြောလေ့ပြောထရှိသည့် မြန်မာစကားပုံတစ်ခုရှိ၏။ ၎င်းမှာ "မုန့်ဆီကြော် ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနှင့်တည့်ပါ့မလား" ဟူ၍ဖြစ်၏။ အခြားစကားပုံတစ်ခုမှာ "စစ်မရောက်မီ မြားကုန်"ဟူ၍ဖြစ်၏။ အကြောင်းခြင်းရာတစ်ခုကို သေချာဂဃနဏမသိသေးဘဲ အများပြောစကားနားယောင်၍ စိုးရိမ်ပူပန်တတ်သော၊ ဆင်ခြေပေးလေ့ရှိတတ်သော၊ ဇောဒကတက်လေ့ရှိသောသူအများစုကို ရည်ညွှန်းထားသည်ဟုထင်ပါသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့်အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့သည်။ ပြည်ဖျက်မီဒီယာ၊ အဖွဲ့အစည်းတို့၏ အဖျက်သဘောဦးတည်ကာ လူငယ်များ ယခုပင် စစ်ထဲဝင် စစ်တိုက်ရမည့်အတိုင်း မှိုင်းတိုက်ဝါဒဖြန့်ချိမှုတို့ကြောင့် ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဥပဒေနှင့်စပ်လျဉ်း၍ ထိုအခြေအနေအပေါ် နိုင်ငံတော်အစိုးရတာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအမေးအဖြေကဏ္ဍများကို နိုင်ငံပိုင်မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိရာ အမျိုးသားရေးအမြင်ရှိသူပြည်သူလူထုမှာ ၎င်းဥပဒေကို ထောက်ခံကြိုဆိုကြသော်လည်း ပြည်သူအချို့မှာ ပြည်ဖျက်မီဒီယာများ၏ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ချိနေသောသတင်းတု၊ သတင်းမှားများ၊ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများအောက်တွင် ယုံကြည်သက်ဝင်လျက်ရှိရာ အမှန်တရားက ဖိနပ်စီးနေစဉ်အတွင်း မုသားက ကမ္ဘာပတ်ပြီးသကဲ့သို့ ဖြစ်နေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် အများပြည်သူနှင့် သက်ဆိုင်သောဥပဒေတစ်ရပ်ဖြစ်ရာ ပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်စရာမလိုဘဲ နိုင်ငံနှင့်လူမျိုးအတွက် ကောင်းကျိုးရလဒ်များကိုဆောင်ကြဉ်းပေးမည့် ဥပဒေဖြစ်ကြောင်း လေ့လာမိသမျှ ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ စစ်မှုထမ်းရမည့်အသက်အရွယ်နှင့် ပြည်သူ့စစ်မှုထမ်းရန်ကာလကို အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မကျော်သေးသောနိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၇ နှစ်မကျော်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များအနေဖြင့် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ကျော်ပြီး အသက် ၄၅ နှစ်မကျော်သေးသော နိုင်ငံသားကိုလည်းကောင်း၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မကျော်သေးသောနိုင်ငံသားကိုလည်းကောင်း သတ်မှတ်ထားပါသည်။

ပြည်သူ့စစ်မှုထမ်းရန်ကာလကို စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်ရှိသောနိုင်ငံသားတိုင်းကို ၂၄ လထက်မပိုသော ကာလအပိုင်းအခြား၊ စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်ရှိသော နိုင်ငံသားများအနက် တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် အမှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသူများကို ၃၆ လထက်မပိုသောကာလအပိုင်းအခြား၊ စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်ရှိသောကျွမ်းကျင်သူများကို ၃၆ လထက်မပိုသောကာလအပိုင်းအခြားဟူ၍ သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေဖြင့် အကျုံးဝင်သူ အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းရှိပြီး အကျုံးဝင်သူတိုင်းကို ပြည်သူ့စစ်မှုထမ်းရန်ခေါ်ယူမည်မဟုတ်ဘဲ တစ်နှစ်လျှင် ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူဦးရေ ငါးသောင်းထက်ပို၍ ခေါ်ယူနိုင်စရာမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရခေါ်ယူထားသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မည့်သူအားလုံးကို အဆင့်အလိုက်၊ အရည်အချင်းအလိုက် လစာ၊ ရိက္ခာ၊ ခံစားခွင့်များကို ပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုပိုင်းတွင် တတ်သင့်တတ်အပ်သော နိုင်ငံတော်ကာကွယ်ရေးပညာရပ်များကို အချိန်ပေးသင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက မိမိတို့ရပ်ရွာရှိ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်စေရန် ရည်ရွယ်ကြောင်း၊ စစ်တိုက်ရန်ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးအသိပညာများ ပြည်သူလူထုထံပျံ့နှံ့စေရန်၊ အနာဂတ်တွင် နိုင်ငံတော်ကာကွယ်ရေးလုံခြုံရေးနှင့် ပတ်သက်၍ အသိပညာကြွယ်ဝသော၊ မိမိနိုင်ငံကို အင်အားတောင့်တင်းစွာဖြင့် ကာကွယ်နိုင်ရန်အတွက် နိုင်ငံသားတိုင်းအားလုံး ပါဝင်ဆောင်ရွက်နိုင်သော အခြေအနေရောက်ရှိစေရန်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥဒေကို လက်ရှိအစိုးရလက်ထက်တွင်သာ ကျင့်သုံးဆောင်ရွက်သွားမည်မဟုတ်ဘဲ လာမည့် ဒီမိုကရေစီအစိုးရလက်ထက်များတွင်လည်း ဆောင်ရွက်နိုင်ရန် Long Term Plan ဖြင့် ရည်ရွယ်ပါကြောင်း စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံအတွင်းရှိ တရားဝင်သတင်းမီဒီယာများမှ အခိုင်အမာ ရှင်းလင်းပြောကြားထားရှိပါသည်။ အဆိုပါပြောကြားချက်များတွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရမည့်သူများအတွက် ရပိုင်ခွင့်များ၊ တာဝန်ထမ်းဆောင်ရမည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏အနှစ်သာရများကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်နေကြသည့် အခုစစ်ထဲဝင် သေနတ်ကိုင်၊ ချက်ချင်းရှေ့တန်းထွက်ရမည်ဆိုသော သတင်းအတုများ၊ သတင်းအမှားများကို နားမယောင်မိစေရန်နှင့် နိုင်ငံတော်ပိုင်မီဒီယာများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်များကိုသာ လက်ခံယုံကြည်ကြရန် လိုအပ်မည်ဖြစ်သည်။

အဆိုပါပြောကြားချက်တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အကျုံးဝင်သည့်တိုင်အောင်၊ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ကြောင်း ဖော်ပြပါရှိရာ မိဘများအနေဖြင့် မိမိတို့သားသမီးများအတွက် စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ယူနိုင်ကြောင်း သိရှိနိုင်မည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ၊ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေရသူများလည်းပါဝင်နေရာ အကျုံးဝင်သူများအနေဖြင့်လည်း စိုးရိမ်ပူပန်စရာမလိုဘဲ မိမိတို့၏တာဝန်များ၊ ပညာသင်ကြားမှုများ၊ လုပ်ငန်းဆောင်တာများကို စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်တာဝန်ထမ်းဆောင်သင်ကြားနိုင်မည်ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ကင်းလွတ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးများအပါအဝင်)၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများသည် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ရာ စတုတ္ထမဏ္ဍိုင်မီဒီယာသမားများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေပြီး အတွေးမှား၊ အမြင်မှားများမရှိစေရေး ဘက်မလိုက်ဘဲ ရေးသားဖော်ပြပေးသွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေဖြင့်အကျုံးဝင်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့်က ဆင့်ခေါ်ခြင်းခံရပြီး တာဝန်ထမ်းဆောင်ကြရမည့်သူများအနေဖြင့်လည်း စစ်မရောက်ခင်မြားမကုန်စေရန် အရေးကြီးပါသည်။ အလုပ်တစ်ခုကို လက်တွေ့လိုက်နာကျင့်ကြံလုပ်ဆောင်ကြည့်ပြီးမှသာ ၎င်းအလုပ်၏ အကျိုး၊ အပြစ်များကို သိရှိနိုင်မည်ဖြစ်ပါသည်။ ပြည်သူ့စစ်မှုထမ်းဆောင်ရန် လေ့ကျင့်သင်ကြားနေစဉ်ကာလများတွင်ပင် ပူးပေါင်းဆောင်ရွက်တတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်များ၊ အလုပ်တစ်ခုကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စည်းကမ်းစနစ်တကျ သင်ကြားလေ့ကျင့်ပေးမှုများကြောင့် လူငယ်လူရွယ်များတွင် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်သန်မာမှုများ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးပြီး အမျိုးဘာသာသာသနာကို မြတ်နိုးတန်ဖိုးထားတတ်စေမည့် အမျိုးသားရေးစိတ်ဓာတ်၊ စရိုက်လက္ခဏာများကိုရရှိစေမည့် တန်ဖိုးမဖြတ်နိုင်သောအကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မိမိတို့တစ်နိုင်ငံတည်း ပြဋ္ဌာန်းဆောင်ရွက်နေခြင်းမဟုတ်ဘဲ အိမ်နီးချင်းငါးနိုင်ငံအနက် သုံးနိုင်ငံတွင် ရေးဆွဲပြဋ္ဌာန်းထားသည်။ ဥပဒေပြဋ္ဌာန်းထားသော သုံးနိုင်ငံအနက် လက်တွေ့ကျင့်သုံးလုပ်ဆောင်နေသည့်နိုင်ငံတစ်နိုင်ငံ၊ အပြည့်အဝမဟုတ်သော လက်တွေ့လုပ်ဆောင်နေသည့်နိုင်ငံတစ်နိုင်ငံ၊ လက်တွေ့မလုပ်ဆောင်နိုင်သေးသော နိုင်ငံတစ်နိုင်ငံဟူ၍ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် လူဦးရေထူထပ်များပြားသော နိုင်ငံကြီးများအလယ်တွင် တည်ရှိနေပြီး ပထဝီနိုင်ငံရေးအရ ဒေသတွင်း အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်နေသည့်အပြင် လက်ရှိကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ ပြည်သူ့စစ်မှုထမ်းဥပဒေကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အမိမြန်မာနိုင်ငံတော်ကြီးကိုကာကွယ်ရန်အတွက် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အရင်းခံ၍ တပ်မတော်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီး တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များအဖြစ် ဘဝကို ခိုင်ခိုင်မာမာရပ်တည်နေသော စစ်သားကောင်းများစွာ တပ်မတော်တွင်း၌ ရှိနေပါသည်။

ယနေ့ခေတ် မျိုးဆက်သစ်လူငယ်လူလတ်ပိုင်းများအနေဖြင့်လည်း လူ့ဘဝဇာတ်ခုံအစုံစုံတွင် တကယ့်ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဖြစ်စေနိုင်သော တရားများကိုသင်ကြားပေးရာ တပ်မတော်ကြီး၌ တစ်ကြိမ်တစ်ခါ စစ်သားဖြစ်ခွင့် အခွင့်အရေးကို လက်မလွှတ်စတမ်း အမိအရဆုပ်ကိုင်ရင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို သမိုင်းပေးတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ထောက်ခံကြိုဆိုကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- **ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များ**
- **နေ့စဉ်ထုတ် မြဝတီသတင်းစာ၊ ရတနာပုံ သတင်းစာ**

**ကျော်ဇောဦး(မော်ရှမ်းမြေ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



**ဇလွန် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဦးက ပြောပြ၍ သိရသည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၁၈ ရက်မှ မတ် ၂၅ ရက်)ထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာအစီအစဉ်များအပြင် ပျော်ပွဲရွှင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကာလကတော့ တပေါင်းလဆန်း ၉ ရက်ကနေ တပေါင်းလပြည့်ကျော် ၁ ရက်ထိဖြစ်ပါတယ်။ ပွဲတော်ကာလမှာ ဓမ္မပူဇာအနေနဲ့ အကြိုတရားပွဲတွေ ကျင်းပပါမယ်။ ဗုဒ္ဓပူဇာအနေနဲ့ ဆွမ်းဦးကပ်လှူပူဇော်တာတွေ ဆောင်ရွက်ပါမယ်။ သံဃပူဇာအနေနဲ့လဲ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့အပြင် ပျော်ပွဲရွှင်ပွဲတွေ၊ ပွဲဈေးတွေ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ဘုရားပွဲတော်မှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်စီမံမှုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်ဦးက ပြောပြသည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသည် မုနိလေးဆူဝင် ရုပ်ရှင်တော်မြတ်များတွင်တစ်ဆူအပါအဝင်ဖြစ်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင်လည်းကောင်း၊ ရှင်ကျော်မုနိသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင်လည်းကောင်း၊ ရွှေဘုံသာမုနိသည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေဘုံသာစေတီတော်မြတ်၏ဌာပနာတိုက်တွင်လည်းကောင်း၊ မာရ်အောင်မြင်မုနိသည် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအဖြစ် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင်လည်းကောင်း အသီးသီး ကိန်းဝပ်စံပယ်လျက်ရှိကြောင်း သိရသည်။

ASH

# Bob Marley:One Love ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၈၀ ထိရရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

Paramount ရုပ်ရှင်ကုမ္ပဏီ Bob Marley:One Love ဇာတ်ကားသည် ရုံတင်ပြီးခြောက်ရက်ကြာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ထိ ရရှိခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

Bob Marley: One Love သည် ရုပ်ရှင်ဝေဖန်ရေးဆရာများ၏ ရှုထောင့်အမျိုးမျိုးမှ တစ်ဆင့် ဝေဖန်မှုများရှိခဲ့သည့်တိုင် ရုပ်ရှင်ဈေးကွက်၌ မျှော်လင့်ထားသည်ထက် ပို၍ အောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။


အဆိုပါဇာတ်ကားသည် ကမ္ဘာကျော်ဂျမေကာရီဂေး အဆိုတော် ဘော့မာလေ၏ဘဝကို အခြေခံရိုက်ကူးထားသော အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင်ခဲ့ခြင်းဖြစ်သည်။

Bob Marley: One Love ၏ ပြည်တွင်းဝင်ငွေမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၅၁ သန်းကျော်နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉ သန်းကျော်ထိ ရရှိခဲ့သည်။

အဆိုပါဇာတ်ကားတွင် မင်းသားကင်းစလေဘင်အဒီရာက ရီဂေးအဆိုတော် ဘော့မာလေအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ယောကျ်ားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကား Premier Show ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ယောကျ်ားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကား Premier Show ကို ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ ဦးတင်ငြိမ်း (ရှမဝ)က ပြောပြ၍ သိရသည်။

ယောကျ်ားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ တင်သန်းဦးရေးသားသော မြန်မာ့ဇာတ်သဘင်လောကသားများ၏ လူနေမှုဘဝကိုအခြေခံကာ မေတ္တာဘွဲ့ကို ဖော်ညွှန်းထားသည့်ဝတ္ထုကို ပြန်လည်အသက်သွင်းထားကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကား၏ ဇာတ်ညွှန်းကို ဇော်မြင့်ဦးက ရေးသားထားပြီး ဒါရိုက်တာ ဦးတင်ငြိမ်း(ရှမဝ)က ရိုက်ကူး



ပုံဖော်ထားကြောင်း သိရသည်။

"ကျွန်တော် နှစ်ပေါင်း ၃၀ ကျော် ပုံဖော်ဖန်တီးထားတဲ့ ဇာတ်ကားကို အခုမှ အကောင်အထည်ဖော်နိုင်ခဲ့တာပါ။ ဇာတ်သဘင်အခြေခံ မေတ္တာဘွဲ့ ဒရာမာဇာတ်လမ်း ဖန်တီးမှုကို ငွေကျပ် သိန်း ၃၀၀၀ လောက် အကုန်အကျခံ ရိုက်ကူးဖန်တီးထားတဲ့ ဇာတ်လမ်းလို့ပြောလို့ရပါတယ်။ ကျွန်တော့်အနေနဲ့ အကောင်းဆုံးဖန်တီးထားပါတယ်။ ပရိသတ်တွေ လာရောက်ကြည့်ရှုအားပေးကြပါအုံး"ဟု ဒါရိုက်တာ ဦးတင်ငြိမ်း(ရှမဝ)က ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဉာဏ်မင်းဆက်၊ မျိုးဟန်နီအောင်၊ နန်းပျိုးဝသန်ဦး၊ ဆုပြည့်စုံ၊ အိမ့်ကြာဖြူ၊ သက်မြတ်နိုး၊ ထူး၊ မင်းရဲစည်သူ၊ မျိုးကြည်၊ကောင်းမြတ်၊ ဘိုမ၊ ငူးငူးထက်မြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# PCA ၏ ပရိသတ်အကြိုက် ရုပ်ရှင်သရုပ်ဆောင်ဆု ရာချယ်ဇီဂလာ ရရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၁**

၇၉ကြိမ်မြောက် ပရိသတ်အကြိုက် ရုပ်ရှင်သရုပ်ဆောင်ဆုပေးပွဲ(PCA)၏ပရိသတ်အကြိုက် ရုပ်ရှင်သရုပ်ဆောင်ဆုကို မင်းသမီး ရာချယ်ဇီဂလာက ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

ယခုနှစ်၏ ပရိသတ်အကြိုက် ရုပ်ရှင်သရုပ်ဆောင်ဆုကို The Hunger Game: The Ballad of Songbirds and Snakes ဇာတ်ကားဖြင့် မင်းသမီး ရာချယ်ဇီဂလာက ရရှိခဲ့ခြင်းဖြစ်သည်။

ရာချယ်ဇီဂလာအနေဖြင့် မင်းသားတွမ်ခရု၊ ကီနူးရီနှင့် ဂျေဆင်မိုမိုအာကဲ့သို့ ကမ္ဘာကျော်အက်ရှင်သရုပ်ဆောင်များကို ကျော်ဖြတ်၍ ၂၀၂၄ ခုနှစ်၏ ပရိသတ်အကြိုက် ရုပ်ရှင်သရုပ်ဆောင်ဆုကိုရရှိခဲ့ခြင်းဖြစ်ပြီး မင်းသမီး ရာချယ်ဇီဂလာသည် အဆိုပါဆုပေးပွဲ၏ ၂၀၂၄ ခုနှစ် အမျိုးသမီးသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင်လည်း ပါဝင်ခဲ့သည်။

သို့ရာတွင် ၂၀၂၄ ခုနှစ် အမျိုးသမီးသရုပ်ဆောင်ဆုကို Barbie ဇာတ်ကားမှ မင်းသမီး မားဂေါ့ရော့ဘီက ရရှိခဲ့သည်။

အဆိုပါဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စန်တာမိုနီကာမြို့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးရေး မိုးကျော်ကွယ်လွန်ခြင်း နှစ် ၄၀ ပြည့်အမှတ်တရ အခမ်းအနားပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

အောင်မြင်သည့် တေးသီချင်းများစွာကို ဖန်တီးခဲ့သူ တေးရေး မိုးကျော် ကွယ်လွန်ခြင်း နှစ် ၄၀ ပြည့်အမှတ်တရ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ Imperial Garden တွင် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါအခမ်းအနားသို့ တက်ရောက်ကာ အမှတ်တရ တေးသီချင်းများ သီဆိုခဲ့သူ အဆိုတော် အောင်နိုင်က ပြောပြ၍ သိရသည်။


တေးရေး မိုးကျော် ကွယ်လွန်ခြင်း နှစ် ၄၀ပြည့် အမှတ်တရအခမ်းအနားနှင့်အတူ ကွယ်လွန်သွားကြပြီဖြစ်သည့် တေးရေး တေးဆို ခိုင်ထူး၊ မိုးကျော်၊ ရာပြည့်တို့အတူတကွ ဖန်တီးထူထောင်ခဲ့သည့် Phoenix တေးဂီတအဖွဲ့နှင့် သုံးဦးတွဲဖန်တီးခဲ့သည့် ထင်ရှားခဲ့သော တေးသီချင်းများကို ပြန်လည်တမ်းတအမှတ်ရစေသည့် တေးမြုံ့ငှက်သို့ တမ်းချင်းပွဲကိုလည်း ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

"ဒီအခမ်းအနားကတော့ တစ်ချိန်က ထင်ရှားခဲ့တဲ့ ခိုင်ထူး၊ မိုးကျော်၊ ရာပြည့်အဆိုတော် သုံးယောက် ထူထောင်ခဲ့တဲ့ Phoenix တေးဂီတအဖွဲ့ကနေ တီးခတ်ဖန်တီးခဲ့တဲ့တေးသီချင်းတွေ၊ သူတို့သုံးယောက်ဖန်တီးခဲ့တဲ့ တေးသီချင်းတွေကို အမှတ်တရပြန်လည်သီဆိုတဲ့ပွဲပါပဲ။ သူတို့သီချင်းတွေကို အမှတ်တရ သီဆိုခဲ့ကြပါတယ်။ အထူးသဖြင့် မိုးကျော် ကွယ်လွန်စဉ်က ခိုင်ထူးသီဆိုခဲ့တဲ့ မိုးကျော်လို့အမည်ရတဲ့သီချင်းကို အမှတ်တရ သီဆိုခဲ့ကြပါတယ်"ဟု အဆိုတော် အောင်နိုင်က ပြောပြသည်။

အဆိုပါ အခမ်းအနားတွင် Guitarist မိုးကျော် ရေးဖွဲ့ခဲ့သည့် သီချင်းများ၊ တီးခတ်ခဲ့သည့်သံစဉ်များ၊ ခိုင်ထူး၊ မိုးကျော်၊ ရာပြည့်ဆိုသည့် ဂီတရဲဘော်သုံးဖော်အတူတကွ ဖန်တီးခဲ့သည့် တေးသီချင်းများကို အဆိုတော် ဟေမာနေဝင်း၊ ချမ်းမြေ့မောင်ချို၊ စူးနစ်၊ ဝီလျံမ်၊ စစအောင်၊ နော်မာန်၊ မိုးဇက်၊ ထင်ကျော်၊ မောင်တင်အုန်း၊ အောင်နိုင်၊ အက်စ်ကဲနက်၊ ဝဏ္ဏာ၊ ဂျေညီညီ၊ အိအိတို့က အမှတ်တရ တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြကြောင်း သိရသည်။

ASH

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Lt-Gen Harjeet Singh Sahi, UYSM, AVSM, YSM, SM, Commander of III Corps of Indian Army



Vice-Senior General Soe Win receives Lt-Gen Harjeet Singh Sahi, UYSM, AVSM, YSM, SM, Commander of III Corps of Indian Army.

**Nay Pyi Taw February 21**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by Lt-Gen Harjeet Singh Sahi, UYSM, AVSM, YSM, SM, Commander of the III Corps of Indian Army at the parlour of Bayintnaung Villa here this morning.

During the meeting, cordial discussions were centred on cementing of friendly relations and ongoing co-operation between armed forces of the two countries, and bilateral cooperation to ensure peace, stability, security and development along the common border. Afterwards, commemorative gifts were exchanged and documentary photos taken.

Present together with the Vice-Senior General were Commander of North-West Command Maj-Gen Than Htaik and senior military officers from Office of Commander-in-Chief. The III Corps commander was accompanied by Indian Military Attaché Col Jaswinder Singh Gill and officials. 100



Vice-Senior General Soe Win poses for a group photo with Lt-Gen Harjeet Singh Sahi, UYSM, AVSM, YSM, SM, Commander of III Corps of Indian Army.

# Yinmabin District aims to plant over 3,000 acres of summer sesame with GAP methods

**Yinmabin February 21**

Yinmabin District in Sagaing Region has set a target of planting 3,673 acres of summer sesame during the 2023-2024 spring crop planting season, according to the District Department of Agriculture.

The department's head, Daw Myat Moe Win, said they will work to ensure good yield and quality by using GAP (Good Agricultural Practices) methods. GAP crops have higher market value and can be exported to foreign markets, which can improve the socio-economic lives of the farmers.

The allocation for summer sesame planting by the respective townships in the district is 2,079 acres in Yinmabin Township, 803 acres in Salingyi Township, and 791 acres in Pele Township. The department has been providing knowledge and guidance to the farmers on how to grow pure varieties and increase productivity.

The district also planted 77,980 acres of winter sesame during the 2023-2024 winter crop planting season, which lasted from October 2023 to December. 206

# Locals in Taze Township cultivate over 3,000 acres of winter green beans

**Taze February 21**

About 3,900 acres of green beans have been planted in Taze Township, YeU District, Sagaing Region in this winter crop planting season, according to the Department of Agriculture for YeU District.

During the winter planting season of 2023-2024, 3,891 acres of green beans have been earmarked to be planted in Taze Township. Up to now, 100% of the targeted acreage has been planted.

"Regarding the cultivation of green beans, there is education to expand cultivation, and there is education to use good varieties for good yield," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During the winter crop planting season of 2022-2023, 3,891 acres of green beans were planted in Taze Township from October to December 2022.

This year, the Township Department of Agriculture is giving advice to farmers to obtain good varieties suitable for the area, to have correct planting method, to control pest, to use fertilizers properly and to raise awareness about yield improvement. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More travellers flock to Aye Kyun Village for authentic village-based tourism experience


The beautiful scenes of Aye Kyun village where a rural tourism project is being implemented.

**Mandalay February 21**

Aye Kyun Village, which has developed village-based tourism, has seen a large number of domestic and foreign travellers visiting it, said U Maung Maung Lay, the leader of the Irrawaddy Dolphin Conservation Group.

Among the villages that have developed tourism, Aye Kyun Village in Madaya Township, Mandalay Region is one of the villages that are currently attracting travellers.

"Now, tourists visiting Aye Kyun Village also visit the Irrawaddy Dolphins that live and graze in Madaya Township," he continued.

In the last week of January, only over 100 travellers visited Aye Kyun Village in Madaya Township daily, but since the first week of February, the number of local travellers has increased to over 200 per day.

"Village-based tourism is developed in Sin Kyun Village, Aye Kyun Village, Myey Kyun Village, and Sein Pang Gone Village in Madaya Township, and in Myit Kanggyi Village and Sae Thae Village in Singu Township, Mandalay Region and in Ywar Thit Village, Tagaung Village, and Shein Makar Village in Wetlet Township, Sagaing Region," he continued.

184

# Tomato from the villages along Mu River marketable

**Mandalay February 21**

Tomato produced by the areas along Mu River flow into Thiri Marlar green grocery market in Augmyethazan District of Mandalay on a daily basis, getting good prices, according to the tomato depots.

A large number of tomato to come out in the villages along Mu River. So, 10-12 truckloads of tomato flow into the market as usual. Such kinds of tomato fetch K500-K600 per viss in the market, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"At present, not only tomatoes from Mu River banks but those from Inlay region flow into the Mandalay market. Consumer people prefer to buy tomatoes from plains instead of Inlay Lake. Such tomatoes fetch good prices in the market," he added.

Taiwan species tomato grown from Myinmu and Madaya regions along Mu River occupy the green grocery market of Mandalay. Moreover, other green groceries such as cauliflower, cabbage, potato, mustard and carrot are also marketable in Mandalay.

185

# Locals in Thabaung Township sow 12,923 acres of winter cow peas in this year

**Thabaung February 21**

A total of 12,923 acres of cow peas have been planted in this year's winter crop growing season in Thabaung Township, Pathein District, Ayeyawady Region, said U Win Soe, Head of the Department of Agriculture for Pathein District.

In the winter crop growing season in Thabaung Township, 10,616 acres of cow peas have been earmarked for planting and since November 2023, 12,923 acres of cow peas have been planted. It is reported that in this year's winter crop planting season, more cow peas were planted than the target.


A cow pea plantation.

Farmers and the Department of Agriculture are cooperating to prevent insects from infecting the winter crops that have already been planted in Thabaung Township and to improve yields.

"In order to have a good yield of this year's winter crop, we have selected good varieties. This year, we are trying to improve the yield compared to last year," said U San Win, a farmer from Thabaung Township. KKL

# About 16 Irrawaddy dolphins move near Indaung Village

**Mandalay February 21**

Some 16 Irrawaddy dolphins have moved to the area near Indaung Village of Ayeyawady River, said U Maung Maung Lay, leader of Irrawaddy dolphin protection team.

The team conducted surveys on habitats of the dolphins in their areas between Mandalay-Kyaukmyaung of Ayeyawady River three times a month. In the third week of January 2024, they found the dolphins near Mandalay.


"We have checked habitat of the dolphins in the river on 5 February. Currently, some 16 dolphins have been seen near Indaung Village of Wetlet Township in Ayeyawady River," he explained.

Fishermen and local people need to inform the team about their findings on calves and dolphins between Mandalay-Kyaukmyaung area.

"Now is time of declining the water level in Ayeyawady River, and dolphins move their habitats in the river. So, local people need to inform the team about the dolphins," he said.

During the period from 10 to 20 February 2020 the surveys were conducted about the dolphins, 28 of which inhabit in the river between Mandalay and Kyaukmyaung area, 37 in Malei of Kanbalu Township and Shwegu of Kachin State and 14 more dolphins in Bhamo Township, totalling 79.

184


Irrawaddy dolphins being spotted in the Ayeyawady River.

# Locals in YeU District plant 10,981 acres of vegetables in this year's winter crop planting season

**YeU February 21**

A total of 10,981 acres of vegetables have been planted in YeU District of Sagaing Region during the winter crop planting season this year, according to statistics from the Department of Agriculture for the district.

In the winter crop planting season of 2023-2024, 8,509 acres of vegetables have been earmarked for planting in YeU District, and since October 2023, 10,981 acres have been planted.

"They grow mustard, chili, tomato, eggplant, cabbage, cauliflower, lady's finger, etc. We are providing the vegetable growers with technology so that they can grow all vegetables under the GAP system. We are providing the vegetable growers with the technology to grow all the vegetables with the least amount of chemical residues and in accordance with health," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

This year, in YeU District, there were 4,247 acres of vegetables planted in YeU Township, 1,725 acres in Taze Township, and 5,009 acres in Dabayin Township, totaling 10,981 acres.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရေအောက်ဒရုန်းများကို ဟူသီသူပုန်များက ပထမဆုံးအကြိမ်အနေဖြင့် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်ပြောကြား



ယီမင်ရှိဟူသီသူပုန်များသည် ရေငုပ်နိုင်သော ရေအောက်သွားဒရုန်းကို ပထမဆုံးအကြိမ်အနေဖြင့် တပ်ဖြန့်အသုံးပြုရန် ကြိုးပမ်းခဲ့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်ကုန်က ယီမင်မြေပေါ်တွင် အမေရိကန်ဦးဆောင်သောမဟာမိတ်အဖွဲ့၏တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားခဲ့ရကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ် (Central Command-CENTCOM)က ပြောကြားခဲ့သည်။

အမေရိကန်ရေတပ်သည် ဟူသီသူပုန်များ၏ ခရုဇ်ဒုံးကျည် သုံးစင်း၊ မောင်းသူမဲ့ရေယာဉ် (USV) တစ်စင်းနှင့် မောင်းသူမဲ့ရေအောက်သွားရေယာဉ်(UUV)တစ်စင်းတို့ကို ဖေဖော်ဝါရီ ၁၇ ရက်က တိုက်ခိုက်မှုငါးကြိမ် ပြုလုပ်စဉ်အတွင်း ချေမှုန်းဖျက်ဆီးနိုင်ခဲ့ကြောင်း CENTCOM က ဖေဖော်ဝါရီ ၁၈ ရက်တွင် တွစ်တာလူမှုကွန်ရက်၌ ထုတ်ပြန်ကြေညာခဲ့သည်။

“ဒါဟာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်က တိုက်ခိုက်မှုတွေစတင်ကတည်းက ဟူသီတွေ ပထမဆုံး UUV သုံးဖို့ကြိုးပမ်းလာတာပဲဖြစ်တယ်”ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်ရေးသားခဲ့သည်။

အဆိုပါ ပင်လယ်ရေကြောင်းဒေသတွင် အမေရိကန် ရေတပ်စစ်သင်္ဘောများနှင့် စီးပွားဖြစ် အရပ်ဘက်သုံးကုန်သွယ်ရေးသင်္ဘောများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပေါ်လျက်ရှိကြောင်းလည်း အခိုင်အမာပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးစစ်ဘက်၏ စစ်ဆင်ရေးစတင်ချိန်မှစ၍ ယီမင်နိုင်ငံရှိ နေရာအတော်များများကို ထိန်းချုပ်ထားသည့် ဟူသီသူပုန်များသည် ပင်လယ်နီတွင် ကူးသန်းရောင်းဝယ်သွားလာနေသော အရပ်ဘက်သင်္ဘောအများအပြားကို နှောင့်ယှက်တိုက်ခိုက်ခဲ့ကြသည်။ ဂါဇာရှိ ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်စွာရပ်တည်ကြောင်း ပြသလိုသည့် ဟူသီတို့သည် အစ္စရေးနှင့် ဆက်နွယ်နေသည့် မည်သည့်အရပ်ဘက်သင်္ဘောကိုမဆို တိုက်ခိုက်ရန် ကတိပြုထားကာ ဂါဇာထိုးစစ်မရပ်တန့်မချင်း အစ္စရေးနှင့် ဆက်စပ်နေသည့်သင်္ဘောများကို တိုက်ခိုက်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်သည် Prosperity Guardian ဟု အမည်ပေးထားသည့် ပင်လယ်နီတွင် ကင်းလှည့်ရေးမစ်ရှင်တစ်ရပ် ဆောင်ရွက်ရန် နိုင်ငံတကာရေကြောင်းညွန့်ပေါင်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ပင်လယ်ကူးကုန်တင်သင်္ဘောလမ်းကြောင်းများကို ကာကွယ်စောင့်ရှောက်ရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလလယ်ကတည်းက အမေရိကန်နှင့် ဗြိတိန်တို့သည် ယီမင်တွင် မြေအောက်သိုလှောင်ရုံများ၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှု၊ ဒုံးကျည်စနစ်များ၊ ဒရုန်းဂိုဒေါင်များနှင့် စစ်ဆင်ရေးနေရာများ၊ ရေဒါများနှင့် ရဟတ်ယာဉ်များကို ပစ်မှတ်ထား၍ လေကြောင်း၊ ပင်လယ်ပြင်တို့မှ တိုက်ခိုက်မှုအများအပြား လုပ်ဆောင်လာခဲ့ကြသည်။ ရည်ရွယ်ချက်မှာ နိုင်ငံတကာစစ်ရေယာဉ်များနှင့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်နေသည့် ဟူသီအဖွဲ့များ၏ တိုက်စွမ်းရည်များ ကျဆင်းသွားစေရန် ကြိုးပမ်းခဲ့သည်။

ဟူသီသူပုန်များက ရန်ကိုရန်ချင်းတုံ့ပြန်မည်ဟုကတိပြုခဲ့ပြီး အမေရိကန်နှင့်ဗြိတိန်ပိုင် ကုန်တင်သင်္ဘောများကိုပါ ပစ်မှတ်ထားတိုက်ခိုက်မှုများ ထပ်မံလုပ်ဆောင်လာခဲ့သည်။ ဟူသီက ပစ်လွှတ်တိုက်ခိုက်နေသောဒုံးကျည်များသည် အမေရိကန်ရေတပ်သင်္ဘောတစ်စင်းကိုမျှ ယခုအချိန်ထိ ထိမှန်ခြင်းမရှိသေးပေ။ ဟူသီအဖွဲ့သည် ပင်လယ်နီတွင် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းသင်္ဘောများကို တိုက်ခိုက်ရန်အတွက် ဒုံးကျည်များနှင့် ဒရုန်းများစွာကို ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

ပုံမှန်အားဖြင့် ကမ္ဘာ့စီးပွားရေးပင်လယ်ကူးကုန်တင်သင်္ဘောတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းခန့်ကိုကူးသန်းသွားလာသည့် စူးအက်တူးမြောင်း ကုန်စည်ပို့ဆောင်ရေးအပေါ် တိုက်ခိုက်နေမှုများသည် ပင်လယ်နီရေလမ်းကြောင်းကိုရှောင်ရှားပြီး အာဖရိကကမ်းရိုးတန်းတစ်ပိုက်မှ ပတ်၍ခုတ်မောင်းရသည့်အတွက် ကုမ္ပဏီကြီးများအနေဖြင့် ကုန်ကျစရိတ်များတိုးမြင့်လာခြင်းနှင့် အာမခံပရီမီယံကြေးများမြင့်တက်ခြင်းတို့ကို မဖြစ်မနေရင်ဆိုင်ရလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင် ယီမင်ကမ်းရိုးတန်းမှ ရွက်လွှင့်လာသောသင်္ဘောတစ်စင်းတိုက်ခိုက်ခံခဲ့ရကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုအဖွဲ့ချုပ်၏ ပြောကြားချက်အရ သိရသည်။ အဆိုပါသင်္ဘောကပ္ပတိန်က သင်္ဘောအနီးနားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုများရှိသော်လည်း သင်္ဘောသားများအားလုံး ဘေးကင်းလုံခြုံလျက်ရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်။

**Houthis deploy underwater drone for the first time-Pentagon ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်၏အကူအညီမရပါက ယူကရိန်း၏မြို့များဆက်လက်ဆုံးရှုံးရဖွယ်ရှိနေသည်ဟု ဘိုင်ဒင်ပြောကြား

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယူကရိန်းအတွက် စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံကို အတည်ပြုရန် ကွန်ဂရက်သို့ အသစ်တစ်ဖန်အယူခံဝင်ခဲ့ပြီး ယူကရိန်း၏ နောက်ထပ်မြို့များ ဆက်လက်ဆုံးရှုံးလိမ့်မည်မဟုတ်ဟု မည်သူမျှ အာမခံချက်မပေးနိုင်ကြောင်း သတိပေးပြောကြားချက်ကို ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက Avdeevka မြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ကြေညာပြီး နာရီပိုင်းအကြာတွင် ဘိုင်ဒင်က “ရန်ပုံငွေအစီအစဉ် အဆင်ပြေလိမ့်မယ်လို့ယုံကြည်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးနဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ စကားပြောခဲ့ပါတယ်”ဟု ဒဲလာဝဲပြည်နယ်တွင် သတင်းထောက်များကို ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။ အိမ်ဖြူတော်၊ ပင်တဂွန်စစ်ဌာနချုပ်နှင့် ယူကရိန်းသမ္မတဇီလန်စကီးတို့က ယူကရိန်းသို့ အမေရိကန်၏ စစ်လက်နက်နှင့်ခဲယမ်းမီးကျောက်များ ပံ့ပိုးမှုလျော့နည်းလာခြင်းကြောင့် Avdeevka မြို့ကို လက်လွှတ်ဆုံးရှုံးရခြင်းဖြစ်သည်ဟု အပြစ်တင်ခဲ့ကြသည်။

ရုရှားနိုင်ငံ Donetsk ဒေသ Donetsk မြို့ဆင်ခြေဖုံးမှ ၁၀ ကီလိုမီတာအောက်အကွာအဝေးတွင်တည်ရှိသော Avdeevka မြို့ကို ယူကရိန်းစစ်ဘက်က ၂၀၁၄ ခုနှစ်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ ယူကရိန်းတပ်များက အခိုင်အမာခံစစ်ဆင်ထားပြီး Donetsk ဒေသကို တိုက်ခိုက်ရန်အတွက် အခြေပြုအဖြစ် အသုံးပြုခဲ့သည်။

“Avdeevka မြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းသည် Donetsk ဒေသအပေါ် ယူကရိန်းအစိုးရ၏အကြမ်းဖက်တိုက်ခိုက်မှုများမှ ကာကွယ်နိုင်လိမ့်မည်”ဟု ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမေရိကန်သည် ယူကရိန်းကို စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၂ ဘီလီယံကျော် ပေးအပ်ထားပြီးဖြစ်သည်။ အပိုရန်ပုံငွေမရှိတော့ဘဲ ယူကရိန်းအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ စစ်ဘက်ဆိုင်ရာအကူအညီများ ခွဲဝေပေးမည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်တွင် ဆိုင်းငံ့ဖြစ်နေသည်။ အောက်လွှတ်တော် ရီပတ်ဘလစ်ကန်အမတ်များက ၎င်းဥပဒေကြမ်းကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် နယ်စပ်လုံခြုံရေးအတွက် ရန်ပုံငွေပံ့ပိုးမှုတွင် တစ်ပါတည်း ထည့်သွင်းအတည်ပြုစေလိုခြင်းဖြစ်သည်။

“ယူကရိန်းတွေလိုအပ်တဲ့ ခဲယမ်းမီးကျောက်တွေရဖို့အတွက် ကျွန်တော်တိုက်ပွဲဝင်မှာပါ”ဟု ဘိုင်ဒင်ကပြောကြားပြီး ဥပဒေကြမ်းကို ဆက်လက်ပိတ်ဆို့ထားခြင်းသည် ရီပတ်ဘလစ်ကန်အမတ်များအတွက် အဓိပ္ပာယ်မဲ့၊ သိက္ခာမဲ့လုပ်ရပ်တစ်ခု ဖြစ်လိမ့်မည်ဟုလည်း ပြောကြားခဲ့သည်။

ဇီလန်စကီး၏ အသစ်ခန့်အပ်ထားသော စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr Syrsky က ယူကရိန်း၏ အမှတ်(၃) ချေမှုန်းရေးတပ်မဟာကို တပ်ဖြန့်ပြီး ရက်ပိုင်းအကြာတွင် Avdeevka မြို့မှ ဆုတ်ခွာခဲ့ရကြောင်း၊ ရုရှားတပ်များက Avdeevka မြို့ကို ပတ်လည်ဝိုင်းရံထားနိုင်ခဲ့ကြောင်း၊ ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၁၅၀၀ ကျော်ဆုံးရှုံးခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတည်းက ယူကရိန်း၏ အလုံးစုံတပ်ဖွဲ့ဝင်အင်အားဆုံးရှုံးမှု ၃၈၃၀၀၀ (ယခုလအစထိ) ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘိုင်ဒင်အပါအဝင် အမေရိကန်မှ တာဝန်ရှိသူများက ယူကရိန်း၏ စစ်မြေပြင်ဆုံးရှုံးမှုများအတွက် တစ်ခုတည်းသော ဖြေရှင်းချက်အဖြစ် လက်နက်များနှင့်ခဲယမ်းများကို ပိုမိုပံ့ပိုးပေးရမည်ဟု ပြောကြားထားသော်လည်း အနောက်မီဒီယာအချို့က



တိုက်ပွဲဝင်ပစ်ခတ်ရန် တပ်ဖွဲ့ဝင်အင်အားမရှိပါက ထူးခြားလိမ့်မည်မဟုတ်ကြောင်း သတိပေးထားသည်။ ယူကရိန်းသည် စစ်သည်အင်အားပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်ဟု ဝါရှင်တန်ပို့စ်သတင်းဌာနက ယခုလ အစောပိုင်းတွင် ရေးသားဖော်ပြခဲ့ပြီး ၎င်းအင်အားလိုအပ်ချက်သည် ရှေ့တန်းစစ်မျက်နှာများတစ်လျှောက် ခံစစ်စခန်းများ ပြိုလဲယိမ်းယိုင်သွားနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဇီလန်စကီးသည် နောက်ထပ် စစ်သည်အင်အား ၅၀၀၀၀၀ ကို စစ်မှုထမ်းဆောင်ရန်ရှိကြောင်း ကြေညာခဲ့ပြီး တပ်ဖွဲ့ဝင်အင်အားနည်းပါးလာမှုကို ဖြည့်ဆည်းရန် ကြိုးပမ်းခဲ့ကာ ယူကရိန်းပါလီမန်သည် စစ်မှုထမ်းဆောင်ရန် ရှောင်ရှားမည့်သူများအပေါ် ကန့်သတ်ပြဋ္ဌာန်းသွားမည့်ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပြီး နောက်လအစောပိုင်းတွင် အသက်ဝင်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ukraine will lose more cities without US aid-Biden ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၁၉၃၅၁ ဧက စိုက်ပျိုးပြီးစီး



**ကလေး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၁၉၃၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၁၉၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၃၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ပူးစားပြောင်းဧက ၁၉၁၂၅ ဧက စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ၁၉၃၅၁ ဧက စိုက်ပျိုးပြီးပါပြီ။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၄၈ ဧက၊ ပူးစားပြောင်း ၈၀၈၆ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၆၃ ဧက၊ ပူးစားပြောင်း ၁၅၆၃ ဧကနှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၁၁၅၀၊ ပူးစားပြောင်း ၆၃၄၁ ဧက စုစုပေါင်း ၁၉၃၅၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၈၁ ဧက၊ ပူးစားပြောင်း ၈၅၁၂ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၇၃၀၊ ပူးစားပြောင်းဧက ၁၆၄၀ နှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၄၉ ဧက၊ ပူးစားပြောင်း ၅၈၁၃ ဧက စုစုပေါင်း ၁၉၁၂၅ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်ပိုးကြိုတင်ကာကွယ်ရေး၊ တမာပိုးသတ်ဆေး၊ ချင်းနှင့် ငရုတ်ပိုးနှင်ဆေးပြုလုပ်အသုံးပြုပုံများ အသိပညာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ သီရိဝဏ္ဏစေတီမုခ်ဦးမှ ဘိုးဘွားရိပ်သာမုခ်ဦးထိ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးစဟိန်းလင်းဇော်၊ မြို့နယ်အဆင့် လုပ်ငန်းအရည်အသွေးနှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများက ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ သီရိဝဏ္ဏစေတီမုခ်ဦးမှ ဘိုးဘွားရိပ်သာမုခ်ဦးထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ဦးစီးအရာရှိ (မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ၌ အရှည် ၁ ဒသမ၅၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၀ ဒသမ ၂၈၂ သန်းဖြင့် စည်သူကျော်ကုမ္ပဏီက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးစဟိန်းလင်းဇော်ထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုးနဲမြို့နယ် လွိုင်လင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုးနဲ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်လင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက လွိုင်လင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၁၂ သိန်းလွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွိုင်လင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့်အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၁-၂-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွဲ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံစက္ကူနှင့် ပျော့ဖတ်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံ




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစက္ကူနှင့်ပျော့ဖတ်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် စပါးများကိုတိုးချဲ့စိုက်ပျိုးလျက်ရှိ၍ ဘေးထွက်ပစ္စည်းဖြစ်သည့် ကောက်ရိုးများဖြင့် ပျော့ဖတ်များပြုလုပ်ပြီး အဆင့်မြင့်စက္ကူများထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်ထပ်မံလမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် အသေးစားစက်ရုံများတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ထိုသို့ဆောင်ရွက်ခြင်းသည် ဒေသတွင်းရှိပြည်သူများကို အလုပ်အကိုင်ရရှိအောင်ဖန်တီးပေးခြင်းဖြစ်ကြောင်း၊ ကောက်ရိုးမှတစ်ဆင့် ပျော့ဖတ်နှင့်စက္ကူများထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများကိုလည်းပြည်တွင်း၌ထုတ်လုပ်နိုင်ရေးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် အခက်အခဲများစွာရှိသလို၊အခွင့်အလမ်းလည်းများစွာရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အကြီးစားစက်မှုလုပ်ငန်းများကိုသာ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလုပ်ငန်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစက္ကူနှင့်ပျော့ဖတ်အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မန္တလေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များအတွင်းရှိ လုပ်သားပြည်သူများသို့ အသိပေးကြေညာခြင်း

လူမှုကွန်ရက်စာမျက်နှာများတွင် ပေါ်တာဆွဲနေကြောင်း၊ ညဘက်တွင် လူငယ်များကို ဖမ်းဆီးနေကြောင်း အကြမ်းဖက်အားပေးမီဒီယာများနှင့် အကြမ်းဖက်ထောက်ခံသူများက ပြည်သူများစိုးရိမ်အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံ၍ ကောလာဟလသတင်းများ ရေးသားနေကြကြောင်းသိရှိရပါသည်။

မန္တလေးမြို့အပါအဝင် မည်သည့်နေရာတွင်မျှ ပေါ်တာဆွဲဖမ်းဆီးခြင်းမရှိကြောင်းနှင့် မြို့နယ်များအတွင်း မည်သည့်အချိန်မဆို လွတ်လပ်စွာ သွားလာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၂-၂-၂၀၂၄ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လက်ငင်းဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လက်ငင်းဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲကအဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့်ဒေါက်တာမျိုးသန့်၊အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် e-ID Databaseရှိစာရင်းများကိုအခြေခံ၍ မဲစာရင်းပြုစုရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် လက်ရှိအသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပထမအကြိမ်ပေးပို့ထားပြီး ဆက်လက်၍လည်းသတ်မှတ်ချက်များနှင့်အညီ အတည်ပြုပေးပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ဌာနဆိုင်ရာများ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကိုလည်း စီမံချက်များအတိုင်း ပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ယခုနှစ် ဒီဇင်ဘာလအတွင်း ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေစာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာမှပြုစုထားသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့် လူဦးရေစာရင်းကို ပြုစုမည်ဖြစ်သည့်အတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက်လည်း ဆက်စပ်ဌာနများနှင့်ပူးပေါင်းကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းတာဝန်အရ ဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာနည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အဖွဲ့ဝင်များနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်များကို ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ရသည့် ဌာနဖြစ်သည်နှင့်အညီ စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများ လုံခြုံမှုရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းကိုင်တွယ်ကြရန်နှင့် ဝန်ထမ်းအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုအပ်ကြောင်း၊ ယခုလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်အတွက် လက်ငင်းဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဝန်ထမ်းတိုင်းက လုပ်ငန်းစဉ်များ၏ အတိမ်အနက်နှင့် အရေးပါမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်နည်းလမ်း၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့် အခြေအနေစသည်တို့ကိုသိရှိနားလည်ပြီး အချင်းချင်းအပြန်အလှန်လေးစားယုံကြည်ကာ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တနိုင်းမြို့နယ်နှင့် မြင်ဦးလွင်မြို့တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဦးရေ ၆၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မြင်ဦးလွင်မြို့နယ် ညံညင်းသာကျေးရွာ သာသနာ့အောင်မြေကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဂန္ဓဝါစကပါလ ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော်အပါး ၂၃၀ နှင့် ဒေသခံပြည်သူ ဦးရေ ၂၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သာသနာ့အောင်မြေကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနပါလ ဓမ္မာစရိယ သာသနဓဇဓမ္မာစရိယ မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဘာသအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရတနာပုံတက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

ရတနာပုံတက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲနှင့် ကျောင်းသား၊ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ စီမံဝန်ထမ်းများ၊ သုတေသနစာတမ်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထောင်စုခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးသည် လူမှုစီးပွားရေးဆိုင်ရာ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုအတွက် အဓိကဖော်ဆောင်ပေးနေပြီး နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှုအတွက်သာမက သုတေသနများ ဆောင်ရွက်ရန်အခွင့်အလမ်းများကို ဖန်တီးပေးနေသည့်နေရာများသည် တက္ကသိုလ်များပင်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တစ်ခု တိုးတက်အောင်မြင်သည့် ပညာရပ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် အဓိကမောင်းနှင်အားမှာ သုတေသနနှင့် နည်းပညာတိုးတက်မှုဖြစ်ပါကြောင်း၊ သုတေသနသည် ပညာရေးကို အထောက်အကူပြုပေးနေသည့် အသက်သွေးကြောအရည်အသွေးဖြစ်သည့်အတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၂၈ စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာသုတေသနစာတမ်း ၁၂ စောင်ဖတ်ကြားမည်ဟု သိရှိရပါကြောင်း၊ နိုင်ငံအကျိုးပြု သုတေသနကောင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနကောင်းများ ထွက်ရှိရေး ခေတ်နှင့်အညီ ပါဝင်လုပ်ဆောင်ကြရာတွင် သုတေသနလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘာသာရပ်အလိုက် သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းများဖတ်ကြားနေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သုတေသနစာတမ်း ဖတ်ကြားသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် အားကစားခန်းမတွင် စုပေါင်းသွေးလှူဒါန်းနေမှုကို သွားရောက်ကြည့်ရှုကာ ကျန်းမာရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူ ၅၃၅ ဦးကို သွေးမလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးလှူဒါန်းနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများကို ပါမောက္ခချုပ်ထံ ပေးအပ်သည်။

ရတနာပုံတက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ထမနဲထိုးပွဲ၊ သုတေသနစာတမ်းဖတ်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲ၊ သံဃာ ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဘာသာရပ်ပြခန်းများနှင့်ဈေးရောင်းပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့နံနက်ပိုင်း ပွဲစဉ်အဖြစ်(ခ)အဆင့်ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့်ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။




အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တွေ့ရစဉ်။

# ချောင်းသာကမ်းခြေအပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်ထိ အပန်းဖြေခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ တပ်မတော်ဆေးရုံ၊ ဆေးခန်းများ၌ တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသော တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် ချောင်းသာကမ်းခြေမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေဧည့်ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး နှုတ်ဆက်ပို့ဆောင်ကြပြီး ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

အဆိုပါ တပ်မတော်သား အရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်ကာလအတွင်း ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ လောကနန္ဒာစေတီတော်နှင့် နီးဗုဒ္ဓရုပ်ရှင်တော်မြတ်အားဖူးမြော်၍ အလှူငွေများလှူဒါန်းခြင်း၊ ချောင်းသာမြို့ရှိ သဲဖြူကျွန်းရေလယ်ဘုရား၊ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်၊ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောကမာန်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ ဒေါနတောင် တောရကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းခြင်း၊ ချောင်းသာမြို့၏ ဒေသအစားအစာဖြစ်သည့် သရက်တောထိုးမုန့်လုပ်ငန်းနှင့် ရွှေသာယာမြို့မဈေး၊ ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံမြို့ Sea &Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်သားပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းသမိုင်းပြခန်း၊ ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းနှင့် မြတ်ကျောင်းတော်ပုသိမ်ထီးလုပ်ငန်းစသည့် အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။



ချောင်းသာကမ်းခြေအပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုကြစဉ်။




ချောင်းသာကမ်းခြေအပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းနှင့် အထင်ကရ နေရာများသို့ သွားရောက်လေ့လာစဉ်။

☆ **ကျောဖုံးမှအဆက်**





**မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းလေပ်နှင့်ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅)ပေါ်တွင် ရထားလမ်းပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။**

အမှတ်(၉၂၄-B) အစုန်ကုန်ရထားသည် ကျွဲပွဲဘူတာသို့ ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ်(၆၅၃) အဆန်ကျောက်ရထားသည် ညနေ ၆ နာရီ ၁၀ မိနစ်တွင် အုတ်တွင်းဘူတာနှင့် အမှတ်(၉၀၂)အစုန် ကုန်ရထားသည် ည ၆ နာရီခွဲတွင် သောင်းတိုင်ကုန်းဘူတာသို့လည်းကောင်း ဖေဖော်ဝါရီ ၂၀ ရက်တွင် အသီးသီးရောက်ရှိ ရပ်နားထားခဲ့ရသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၁၁)အဆန် လူစီးရထားသည် ယနေ့နံနက် ၉ နာရီ ၄၈ မိနစ်တွင် ညောင်လေးပင်ဘူတာ၌ ခေတ္တရပ်နားခဲ့ရသည်။ အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသည်များကို သောက်ရေသန့်နှင့် နေ့လယ်စာအား ဝေငှပေးခြင်းများကို မြန်မာ့မီးရထားဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများက ရထားလမ်းကို သွားရောက်စစ်ဆေးရာတွင် တံတားအမှတ်(၁၄၅)ပေါ်ရှိ ရထားသံလမ်း နှစ်ချောင်းမှာ ပေ ၇၀ ခန့်စီ ပြတ်ထွက်ပျက်စီးခြင်း၊ ကွန်ကရစ်ဇလီဖားတုံး ၃၆ တုံးပျက်စီးခြင်း၊ တံတားကွန်ကရစ်ကြမ်းခင်း၌ ငါးပေပတ်လည် အပေါက် ငါးပေါက်ဖြစ်ပေါ် ပျက်စီးဆုံးရှုံးခဲ့ရပြီး လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြုပြင်ခြင်းကို နံနက် ၁၁ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီ ၂၅ မိနစ်တွင်ပြီးစီးခဲ့သဖြင့် လမ်းပိုင်းကို ညနေ ၃ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အမှတ်(၁၁) အဆန်ရထားသည် ညောင်လေးပင်ဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး အဆိုပါမိုင်းဖြစ်စဉ်ကြောင့် ညောင်လေးပင်ဘူတာ၌ ၅ နာရီ ၅ မိနစ်ခန့် လူစီးရထားကြန့်ကြာခဲ့သည်။ ဖေဖော်ဝါရီ ၂၀ ရက်တွင် အသီးသီးရပ်နားထားသော ကုန်ရထားများဖြစ်သည့်



**မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းလေပ်နှင့်ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅) ကြမ်းခင်းပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။**

အမှတ်(၉၁၄)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာမှ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၂၄-A)အစုန်ကုန်ရထားသည် ဖြူးဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၂၄-B)အစုန် ကုန်ရထားသည် ကျွဲပွဲဘူတာမှ နံနက် ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၅၃) အဆန်ကျောက်ရထားသည် အုတ်တွင်းဘူတာမှ နံနက် ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၀၂)အစုန်ကုန်ရထားသည် သောင်းတိုင်ကုန်းဘူတာမှ နံနက် ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း အသီးသီးဆက်လက်ထွက်ခွာသွားခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၄၇ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ်ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။



**မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းလေပ်နှင့်ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။**

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်းတွဲများနှင့် ခရီးသည်များ၊ ကုန်စည်များထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများအချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းလေပ်နှင့် ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီး အမှတ်(၁၁)အဆန်ရထားဖြတ်သန်းနေမှုကို တွေ့ရစဉ်။



အမှတ်(၁၁)အဆန်ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအား မြန်မာ့မီးရထားဝန်ထမ်းများက သောက်ရေသန့်နှင့်စားသောက်ဖွယ်ရာများ ဝေငှပေးနေမှုကို တွေ့ရစဉ်။

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကိုအုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့်တရားခံများအား ဖမ်းဆီးရမိ





မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကိုအုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့်တရားခံများကို သက်သေခံ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများအား အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့်တရားခံများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၃လမ်း ၂၇×၂၉(A) လမ်းကြားတွင် လူတစ်ဦး ဓားဒဏ်ရာဖြင့်လဲကျနေကြောင်း သတင်းအရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အချင်းဖြစ်သည့်နေရာတွင် အမည်မသိအမျိုးသား တစ်ဦးသည် ဓားဒဏ်ရာများဖြင့် လဲကျသေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ချက်များအရ သေဆုံးသူသည် ယင်းနေ့တွင် ၅၃ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ Scoopy i အနက်ရောင် မော်တော်ဆိုင်ကယ်ဖြင့်မောင်းနှင်လာစဉ် ၂၇×၂၉(A) လမ်းကြားသို့အရောက်၌ တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာသည့် လူလေးဦးပါ ဆိုင်ကယ်နှစ်စီးက ရှေ့မှပိတ်ရပ်ပြီးနောက် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူများက အသင့်ယူဆောင်လာသော ဓားများဖြင့်ထိုး၍ ဆိုင်ကယ်ကို လုယူမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ပြစ်မှုကျူးလွန်သူ တရားခံများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စိစစ်ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်တွင်ပါဝင်ပတ်သက်ခဲ့သည့် ချမ်းမြေ့အောင်(ခ)ဒေါက်ဒေါက် ၂၂ နှစ် (ဘ) ဦးလင်းအောင်၊ တိုးဝေ(ခ)တိုးတက်(ခ)အားထစ် ၁၇ နှစ် (ဘ) ဦးစံသိန်း၊ ရဲဝင်း အောင် ၁၇ နှစ် (ဘ) ဦးဇော်ဝင်း၊ ကျော်ကြီး (ခ)ကျော်ကျော်မြင့် ၁၈ နှစ် (ဘ) ဦးမြငွေတို့ လေးဦးနှင့် သက်သေခံဆိုင်ကယ်ကိုဝယ်ယူခဲ့သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး ၃၅ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် တရားခံများအား ကနဦးစစ်ဆေးချက်များအရ ၎င်းတို့သည် မန္တလေးမြို့ပေါ်ရှိ လူအသွားအလာနည်းပါးသည့်နေရာများတွင် အုပ်စုဖွဲ့၍ တန်ဖိုးကြီး မော်တော်ဆိုင်ကယ်များအား ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများဆက်လက်သိမ်းဆည်းရမိရေးနှင့် ၎င်းတို့ကိုဥပဒေနှင့်အညီအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ကို လေယာဉ်ဖြင့်ပြန်လာသည့် ခရီးသည်ဦးရေ ၆၀၀ နီးပါး ဖမ်းဆီးစစ်ဆေးခံနေရသည်ဟု သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့မှ စစ်တွေမြို့နှင့်ကျောက်ဖြူမြို့တို့ကို လေယာဉ်ဖြင့်ပြန်လာသည့် ခရီးသည်ဦးရေ ၆၀၀ နီးပါးကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါလေဆိပ်များတွင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးနေကြောင်း ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေမည့် သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရန်ကုန်မြို့မှ စစ်တွေနှင့် ကျောက်ဖြူကို လေယာဉ်ဖြင့်ပြန်လာသည့်ခရီးသည်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ပုံမှန်စစ်ဆေးခြင်းများသာပြုလုပ်လျက်ရှိပြီး ဖမ်းဆီးခြင်းမရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် AA အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်နေခြင်းကြောင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လျက်ရှိပြီး အဆိုပါအကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့်အတွက် ထိုသို့ သတင်းတု၊ သတင်းမှားဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားလာစေရန် ဝါဒဖြန့် ရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာတွင် သုံးရက်အတွင်း ဒေသခံအမျိုးသားဦးရေ ၂၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်ထိ သုံးရက်တာအတွင်း ည ၈ နာရီနောက်ပိုင်း အပြင်မှာတွေ့ရှိသည့် လူငယ်လူရွယ် အမျိုးသားဦးရေ ၂၀ ကျော်ကို ကျေးရွာထိပ်တွင် ကင်းပုန်းချထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အဆိုပါလူငယ်များကို စစ်သင်တန်းပေးမည်ဟု ကောလာဟလသတင်းမှားများကို လူငယ်လူရွယ်များနှင့်မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာအချို့က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ၎င်းနေ့ရက်များတွင် ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာနှင့် အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်းသာရှိပြီး လူငယ်လူရွယ်များကို ဖမ်းဆီးခြင်းမရှိကြောင်း သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေး မလိုလားသူများက လူငယ်လူရွယ်များ၊ မိဘပြည်သူများကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန်အတွက် လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းမှားများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များက ဝင်ရောက်လာစေရေးအတွက် စည်းရုံးသိမ်းသွင်းနေသည့်ဝါဒဖြန့်သတင်းများသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကို မိဘပြည်သူများနှင့် လူငယ်လူရွယ်များ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် သိရှိနားလည်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သတင်းရရှိသည်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများကပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၄ ဒသမ ၀၇၈၇ တန်၊ သစ်မာ ၁၂ ဒသမ ၅၇၈၄ တန်၊အခြား ၅၁ ဒသမ ၁၈၅၈ တန် စုစုပေါင်း ၁၂၇ ဒသမ ၈၄၂၉ တန်၊ ယာဉ်ယန္တရား ရှစ်စီး၊ တရားခံ ၂၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

# အီတလီနိုင်ငံ မီလန်မြို့တွင် လေထုညစ်ညမ်းမှုမြင့်တက်လာသဖြင့် လေထုညစ်ညမ်းမှုအန္တရာယ် သတိပေးချက်ထုတ်ပြန်



**ရောမ ဖေဖော်ဝါရီ ၂၁**

အီတလီနိုင်ငံ မီလန်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်က လေထုညစ်ညမ်းမှုအဆင့် ရှတ်တရက်မြင့်တက်လာသဖြင့် အီတလီအာဏာပိုင်အဖွဲ့အစည်းက လေထုညစ်ညမ်းမှု အန္တရာယ်သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့အစည်း တစ်ခုဖြစ်သည့် ကိုပါနီကပ်လေထုပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့အစည်း(CAMS) ၏ ဖေဖော်ဝါရီလအတွင်း မီလန်မြို့တွင်ဖြစ်ပေါ်နေသည့် လေထုအရည်အသွေး မှတ်တမ်းများအရ ဖေဖော်ဝါရီ ၂၀ ရက်တွင် လေထုညစ်ညမ်းမှု ရှတ်တရက်မြင့်တက်လာခဲ့ပြီး မီးခိုးငွေ့များ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

မီလန်မြို့တွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှု ပမာဏသည် ဥရောပတိုက်ရှိ မြို့ကြီးများအနက် လေထုညစ်ညမ်းမှုအဆင့် အမြင့်ဆုံးရောက်ရှိနေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အတွက် အီတလီကျန်းမာရေးဝန်ကြီးဌာနက မီလန်မြို့ခံများကို နေအိမ်များအတွင်းနေထိုင်သွားရန်၊ မလိုအပ်ဘဲ အပြင်သို့လှုပ်ရှားသွားလာခြင်း မပြုရန်၊ အပြင်သို့လှုပ်ရှားသွားလာလိုပါက Mask တပ်ဆင်သွားရန် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အီတလီအစိုးရက လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း မီလန်မြို့တွင်ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှု ပမာဏကြောင့် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်များမှာ ထိရောက်မှုမရှိသည့်အခြေအနေတစ်ရပ်ဖြစ်နေပြီး လေထုညစ်ညမ်းမှုကို ၂၀၂၆ ခုနှစ်မတိုင်မီ အပြီးသတ်ဆောင်ရွက်ရန် လိုအပ်နေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုစောသဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ တောမီးလောင်ကျွမ်းသည့်ကာလအဖြစ် သတ်မှတ်

**အော့တာဝါ ဖေဖော်ဝါရီ ၂၁**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ပုံမှန်အားဖြင့် မတ်လကို တောမီးလောင်ကျွမ်းသည့်ကာလအဖြစ် သတ်မှတ်လေ့ရှိသော်လည်း ၂၀၂၄ ခုနှစ်တွင် တောမီးလောင်ကျွမ်းမှုစောခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်မှစတင်၍ အယ်ဘတ်တာပြည်နယ်တွင် တောမီးလောင်ကျွမ်းသည့်ကာလအဖြစ် သတ်မှတ်လိုက်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် အယ်ဘတ်တာပြည်နယ်၏ ဆောင်းရာသီကာလသည် ခြောက်သွေ့ပြီး ရာသီဥတုပြောင်းလဲမှုဖြင့် ရင်ဆိုင်ခဲ့ရ၍ ထိုကာလကို အယ်ဘတ်တာပြည်နယ်၏ တောမီးလောင်ကျွမ်းသည့်ကာလအဖြစ် တရားဝင်သတ်မှတ်ပြီး အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် တောမီးလောင်ကျွမ်းမှုများကို ထိန်းချုပ်လျှော့ချရန် လိုအပ်သောအထောက်အကူပြုပစ္စည်းများအတွက် တောမီးလောင်ကျွမ်းမှုလျှော့ချရေး ဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲသွားရတော့မည်ဖြစ်ကြောင်း သိရသည်။

"အယ်ဘတ်တာပြည်နယ်ရဲ့ ဆောင်းရာသီဟာ ခြောက်သွေ့ခဲ့ပြီး ပုံမှန်မဟုတ်တဲ့အတွက် တောမီးလောင်ကျွမ်းမှုကာလကို စောရောက်ခဲ့ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၂၀ ရက်ကနေ စတင်ပြီးတော့ တောမီးလောင်ကျွမ်းတဲ့ကာလအဖြစ် သတ်မှတ်လိုက်ပါတယ်"ဟု အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



၂၀၂၃ ခုနှစ်တွင် မတ် ၁ ရက်မှစတင်၍ အယ်ဘတ်တာပြည်နယ်ကို တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်ရာသီအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၈ ဒသမ ၅ သန်းထိဆုံးရှုံးခဲ့သည့်အတွက် တောမီးလောင်ကျွမ်းမှု စံချိန်တင်ဖြစ်ပွားခဲ့သည့်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်နိုင်ငံတွင် ဆီးနှင်းများကျဆင်းမှုကြောင့် အအေးဓာတ်မြင့်တက်နေ

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

တရုတ်နိုင်ငံ အနောက်ဘက်ပိုင်းတွင် နှစ်ပေါင်း ၆၄ နှစ်တာကာလအတွင်း ဆီးနှင်းများကျဆင်းမှုကြောင့် အအေးဓာတ်မြင့်တက်နေသကဲ့သို့ အပူချိန်မှာ အနုတ် ၅၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေကြောင်း တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်း(CMA)က ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၀ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် နှစ်သစ်ကူးပွဲတော်ကာလတွင်လည်း အအေးလှိုင်းဖြတ်ကာ အအေးဓာတ်မြင့်မားခဲ့ပြီး ဆီးနှင်းများကျဆင်းမှုကြောင့် ပြည်သူများ သွားလာရေးအတွက် အခက်အခဲများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ လက်ရှိတွင်လည်း ဖူယန်ကောင်တီ၏ နေရာအနှံ့အပြားတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုဖြစ်ပေါ်နေပြီး လမ်းမကြီးများတွင် ဆီးနှင်းများ ဖုံးလွှမ်းနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိနေကြောင်း၊ အနောက်ဘက်ပိုင်း နယ်မြေများအနက် တရုတ်နိုင်ငံ ဟီလောင်ကျန်နယ်မြေတွင် အအေးဓာတ်မြင့်မားပြီး အပူချိန် အနုတ် ၅၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း CMA က ထုတ်ပြန်ခဲ့သည်။

ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် မွန်ဂိုလီးယားကုန်းတွင်းပိုင်းဒေသ၊ ရှင်ကျန်းနယ်မြေ၊ လျောင်နင်းနယ်မြေ၊ ဂျီလင်နယ်မြေနှင့် ဟီလောင်ကျန်နယ်မြေတို့တွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး တရုတ်ပို့ဆောင်ရေးဝန်ကြီးက ၎င်းဒေသများတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ခေတ္တရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လမ်းပိုင်း ၄၃ ပိုင်းထိကို ယာယီပိတ်ထားရသကဲ့သို့ ဘတ်စကားနှင့် မီးရထားဘူတာ စုစုပေါင်း ၆၂၃ ဘူတာကိုလည်း ယာယီပိတ်ထားကြောင်း တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ်စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။



၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ
အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ် စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သားထားပါ။



0w Hv M @

# ငယ်နိုင်၏အရှုံး

ပိုင်ပိုင်




(၁)

"ဖြူရေ မရသေးဘူးလားကွာ"

လှမ်းမေးလိုက်သည့် ကိုသစ်လွင်၏ အသံမှာ ချိုသာသော်လည်း ဖြူသန့်စင်ကျောထဲ၌ စိမ့်ခနဲ ဖြစ်သွားသည်။

"ခဏဗျာ။ ကျွန်တော် သွားကြည့်လိုက်အုံးမယ်"

သူငယ်ချင်းကိုပြောလိုက်သံနှင့်အတူ လေအလျင် လို ဖြူအနားသို့ ရောက်လာသော ကိုသစ်လွင်၏ အရိပ်နှင့်အတူ စူးရှလှသည့် နာကျင်မှု။

"အား. . ."

"ကြက်ဥလေးကြော်နေတာ ဒီလောက်ကြာစရာ လား။ မြန်မြန်လုပ်ပြီးလာပို့။ မြေပဲဆန်လဲ အကျက် ညီပါစေ"

လက်မောင်းတွင် ပူလောင်နာကျင်သွားသည်ကို ဂရုမမူအား။ ဆေးလိပ်ကို ပါးစောင်တွင်ခဲလျက် အံကြိတ်ကာ အေးစက်စက်ပြောသွားသည့် ကိုသစ် လွင်းအသံကြောင့် ရင်တလှပ်လှပ်တုန်ယင်လာကာ မျက်စိများပြာဝေလာ၏။ ကြက်ဥကို အကျက်ညီ စေရန် အထက်အောက်လှန်ပေးလိုက်သည်။ အကျက် ညီကာ အရသာရှိပြီး စား၍ကောင်းစေရန် ကြက်ဥကို အထက်အောက်လှန်ကြော်ပေးရသကဲ့သို့ လူအချင်း ချင်းရော ညီညွတ်မျှတသော ဆက်ဆံပေါင်းသင်းရေး ရရှိစေရန် သူတစ်လှည့် ငါတစ်မူ အထက်အောက် လှန်ကာ နားလည်မှုရယူနိုင်သည်လား။ ဖြူ့သဘော ထား ခံစားချက်များရော အထက်အောက်လှန်ခွင့် မရှိ သည်လား။ ကြာကြာတွေးမနေရဲပါ။ ကြက်ဥကြော်ပြီး သည်နှင့် မြေပဲဆန် ဆက်ကြော်သည်။ ဆီပူပူအတွင်း မြေပဲဆန်များကို အကျက်ညီစေရန် ဇွန်းဖြင့် အသာ အယာမွှေပေးရသည်။ တဖောက်ဖောက်မြည်သံနှင့် အတူ မြေပဲဆန်များ နီရဲလာကာ အကျက်ညီပြီး မွှေးလာသည်။ ဖြူ့စိတ်များကိုလည်း မြေပဲဆန်လို ဆီပူပူတွင် တဖောက်ဖောက်မြည်သံပေးကာ ကြော် ပစ်လိုက်ချင်သည်။ အတွေးနှင့် ခပ်မှဲမှဲပြုံးမိ၏။ ကြက် ဥကြော်ပန်းကန်နှင့် မြေပဲဆန်ကြော်ပန်းကန်ကို လက် တစ်ဖက်စီကိုင်ကာ ဧည့်ခန်း၌ သူငယ်ချင်းနှင့် စားသောက်နေသော ကိုသစ်လွင်း၏ရှေ့သို့ချ ပေးလိုက်၏။

"ဟာ မဖြူ လက်မောင်းက မီးပူလောင်ထားတာ လား။ လျှပ်စစ်မီးဖိုနဲ့ ချက်တာမဟုတ်ဘူးလား"ဟု ကိုသစ်လွင်းသူငယ်ချင်း ကိုငြိမ်းအေးက မေးသည်။

"အင်း ဟို"

ကိုငြိမ်းအေးက ဖြူ့လက်မောင်းက မီးလောင်ဖုကို ကြည့်ပြီး အံ့ဩစွာမေးလိုက်သည်နှင့် ကိုသစ်လွင်း၏ မျက်နှာကိုသာ ကြည့်မိသည်။ ကိုသစ်လွင်းက ဆေးလိပ် ကို ရှိုက်ကာဖွာပြီးမှ။

"သူက အဲလိုပါပဲ ကိုအေးရာ။ နမော်နမဲ့ပါ။ ကဲ ဖြူရေ သွားနားတော့နော်"

ဖြူ့ ခေါင်းလေးကို အသာပုတ်လိုက်ကာ ကြင်နာ သောအသံနှင့် ဖြူကိုသူ့အပါးကနေသွား၍ နားခိုင်း သည်။ ခဏသာနားရမည်လား။ ဖြူကတော့ ကိုသစ် လွင်းအပါးမှ ဝေးရာဆီတွင် ရာသက်ပန်သာ နား လိုက်ချင်၏။

"မဖြူလို ဇနီးကောင်းကတော့ ရှာမှရှားဗျာ။ အိမ် ထောင်မှုနိုင်နင်းသလို စကားအပိုမပြော အေးဆေး တည်ငြိမ်တာလဲ အလွန်ပဲ။ ကိုသစ်လွင်းတို့ကတော့ အလိမ္မာအိမ်မြဲလေးရထားတာ ကံကောင်းပါ့ဗျာ"

"ဟဲ ဟဲ ဟုတ်တယ်ဗျ။ ကျွန်တော့်မိန်းမက အပြစ်ဆိုဖွယ်ရာဘာမှမရှိဘူး။ သောက်ဗျာ။ အမြည်းလဲစား"

ဧည့်ခန်းက စကားပြောသံများကို အိမ်ခန်းတွင်းမှ ဖြူ သေချာကြားနေရသည်။ ကိုသစ်လွင်းကဖြူ့ကို သိပ် ချစ်ကြောင်း၊ မျက်စိအောက်က အပျောက်မခံနိုင် ကြောင်း၊ ဖြူ့ကို သိပ်ကိုတန်ဖိုးထားကြောင်းများကို အာသွက်လျှာသွက်ပြောနေသည်မှာ ဖြူ့အတွက် တော့ မစားရ ဝခမန်းပင်။

(၂)

"ဟာကွာ ထ ထစမ်း။ အိပ်ပျော်နေတယ်။အခုထ"

ဖြူ့ဆံပင်ကို ဆောင့်ဆွဲခံလိုက်ရ၍ လန့် နိုးလာသည်။

"ခဏလေး အိပ်ပျော်သွားတာပါ။ ထမင်းခူး လိုက်မယ်နော်"

"ဒီမှာ မင်းကို ငါမကျေနပ်ဘူးသိလား။ အေးတိ အေးစက်နဲ့ ငါ့ကို လုပ်ကိုင်ပေးနေတာတွေက တာဝန် ကျေပုံစံမျိုး"

အဆီပြန် မျက်ထောင့်နီ မျက်နှာပေး၊ မာကျော ကျောနှင့် ရန်စကားပြောနေသည့် ကိုသစ်လွင်း၏ မျက်နှာက ချောမောလွန်းသည်။ ထူထဲမည်းနက်သော မျက်ခုံးတစ်စုံ၊ စူးရှအေးစက်သော မျက်ဝန်းတစ်စုံ ခပ် စင်းစင်းနှာရိုးအကျက လှလှပပ၊ အောက်နှုတ်ခမ်းတွဲ တွဲလေးနှင့် အလိုမကျဟန်က တစ်မူထူးကာ ဆွဲဆောင် မှုအပြည့်။ သည်မျက်နှာလေးကို ဖြူ နှစ်သက် ခဲ့ဖူးသည်။

"ဖြူက တာဝန်ကျေလုပ်ပေးနေတာမဟုတ်ပါဘူး။ ပေါင်းသင်းလာတာ ငါးနှစ်ကျော်ပြီ။ ကို ဘာကြောင့် ဖြူ့ကို အလိုမကျလဲဆိုတာ နားမလည်နိုင်တော့ဘူး"

"နားလည်လည် မလည်လည်ကွာ။ မင်း သိထားရ မှာက အရာရာ ငါ့သဘောအတိုင်း မင်း နေရမယ်"

ခေါင်းမညိတ် ခေါင်းမခါဖြင့် ဖြူက ဘာမှသဘော ထား မရှိသူသာ။

"ဖြူ ဖြူ ဘယ်တော့မှ ကို့ကို အနိုင်မယူချင်နဲ့နော်။ ဖြူ့ကို ကို သိပ်ချစ်တာပါ"

ယခုပဲ စိတ်တိုလိုက်၊ ယခုပဲ ဖြူ့ကို ပြန်ချော့လိုက် နှင့်။ ရင်ခုန်ကြည်နူးခြင်းဆိုသည်ကို ဖြူ နားမလည် တတ်တော့ပါ။ အသာအယာပွေ့ဖက်လာသော သူ့ လက်များက ကျားလျှာသဖွယ် ကြမ်းတမ်းလှသည်ဟု ဖြူခံစားရသည်။ ဖြူ့ကို ချစ်သည်လား။ သူ့ကိုယ်သူသာ ချစ်သည်လား။ သူ့ကိုယ်သူ ချစ်၍သာ ဖြူ့ကို အနိုင်ယူ ပြီး သူ့မျက်စိအောက်တွင် သိမ်းပိုက်ထားခြင်းပင်။ အနိုင်အရှုံးဆိုသည်မှာ အလှည့်ကျသဘော။ နိုင်ပြီးလျှင် လည်း ပြန်ရှုံးတတ်သည်သာ။ ဖြူ သူ့ကို အနိုင် မယူချင်ပါ။ သို့သော် အနိုင်ပိုင်းချင်၏။

(၃)

"တောက် ကောင်းတယ်ကွာ။ ဝမ်းသာတယ်။ ဟား ဟား ဟား"

"ဝုန်း"

"ဟာ ဒီဆိုင်ကယ်ကလဲ"

အပြင်ကပြန်လာသည့် ကိုသစ်လွင်း။ ဆိုင်ကယ်ရပ် ဒေါက်ထောက်ရင်း တက်ခေါက်မြည်တွန်သံက ကျယ်လောင်စွာ။ ဆိုင်ကယ်ဒေါက်က မြေမညီသည့် နေရာထောက်မိ၍ ဝုန်းခနဲလဲပြို။ အလိုမကျနေ သည့် မျက်နှာကိုမြင်ရသည်မှာ ပူလောင်လှသည်။

"ဖြူရေ"

အသင့်ခပ်ထားသည့် ရေတစ်ခွက်ကမ်းပေးရင်း ဖြူ့ရင်မှာ လှိုင်းထနေ၏။ မလုံမလဲစိတ်နှင့်အတူ သူ့မျက်နှာကို ရဲရဲမကြည့်။

"သစ်လွင်းကွ မသိတာမရှိဘူး။ ဘယ်သူ ဘာလုပ် နေလဲ သစ်လွင်းအကုန်သိတယ်"

ရေခွက်ကိုပြန်ကမ်းပေးရင်း သူပြောသည့်စကား များကြောင့် ဖြူ့နဖူးမှချွေးများစိမ့်ထွက်လာသည်။ ဖြူ့ လုပ်ရပ်ကို သူသိနေသည်လား။ ကျောကော့အောင် အရိုက်ခံရချေဦးမည်လား။ မြစ်ကမ်းနံဘေးတွင် စွန့်ပစ်ခံခဲ့ရသော မွေးကင်းစအရွယ် ဖြူ့ကို အဝတ် လျှော်စားရသည့် မုဆိုးမ မေကြီးမြက ကောက်ယူ မွေးစားခဲ့၏။ ဆင်းရဲလွန်းသည့် မေကြီးမြအတွက် ဖြူက ဝန်ထုပ်ဝန်ပိုးပင်။ ဘုန်းတော်ကြီးသင်ကျောင်းတွင် ဒုတိယတန်းထိသာနေခဲ့ရ၏။ ဖြူ ရှစ်နှစ်အရွယ်က တည်းက မေကြီးမြဆုံးပါးသွား၍ တစ်ရပ်ကွက်ထဲနေ ကိုသစ်လွင်း၏မိခင် အန်တီစုက လက်တိုလက် တောင်းခိုင်းရန်ခေါ်ယူခဲ့သည်။ ထိုစဉ်ကတည်းက ဖြူ့ ထက် နှစ်နှစ်ကြီးသော ကိုသစ်လွင်း၏ အနိုင်ကျင့်ရိုက် နှက်ခြင်းကို ခံခဲ့ရသည်။ ဖြူ့ဦးခေါင်းသေးသေးလေးက ခိုကိုးရာအိမ်မှ မောင်းထုတ်ခံရမည်ကို ကြောက်၍ အသားနာသည်ကို ခံနိုင်ရည်ရှိခဲ့သည်။ ဦးလေးမောင် နှင့် အန်တီစုတို့ လင်မယားက အမြဲရန်ဖြစ်တတ်၏။ မိဘများအဆင်မပြေကြတိုင်း ကိုသစ်လွင်းက အမြဲ စိတ်အလိုမကျဖြစ်ကာ ဖြူ့ကိုရန်ရှာရိုက်နှက်၏။ ဖြူ ကတော့ အိမ်ကြီးရှင်အားလုံး၏ မျက်နှာကိုကြည့်ပြီး အလိုက်တသိသိမ်ငယ်စွာနေခဲ့ရသည်။ ကိုသစ်လွင်း အသက်၁၈နှစ်အရွယ်ရောက်တော့ အန်တီစုကနောက် ယောက်ျားယူသွားသဖြင့် ဦးလေးမောင် အရက် သမားဖြစ်သွားသည်။ ကိုသစ်လွင်းက အရွယ်နှင့်မမျှ စွာ ဖခင်ကိုလည်းထိန်းရ ပွဲရုံအလုပ်ကိုလည်း ဦးစီး လုပ်ရ၊ သူ စိတ်ပင်ပန်းခြင်းကို ဖြေဖျောက်ရန် ဖြူက သူ့အရုပ်ပင်။ အလွယ်တကူ ဇနီးတော်ခဲ့သော ဖြူ့ကို သူက သိပ်ချစ်သည်ဟုတော့ ပြောတတ်သည်။ သူ့ အတွက် သားလေးမွေးပေးရန် အမိန့်ပေးထားသည်။ သောက်ရေခွက်လေးကိုင်ပြီး ဖြူ့အတွေးများက နာကျင်စရာများသာ။

(၄)

အိမ်ရှေ့ဝရန်တာမှာ ပက်လက်ကုလားထိုင်ပေါ် တွင်ထိုင်ပြီး လမင်းကြီးကို မော့ကြည့်နေသော သူ့ အနားကြမ်းပြင်ပေါ်၌ ဖြူ မဝံ့မရဲထိုင်လိုက်သည်။

"သိလားဖြူ ကိုလေ သားလေး လိုချင်တယ်။ ဖြူက မိခင်ကောင်းပီသမယ်ဆိုတာ ယုံတယ်"

ရုတ်တရက် လမင်းကြီးကို တိမ်ညိုတစ်အုပ် ဖုံး လွှမ်းသွားသည်။ ဖြူ့ကို မကြည့်ဘဲ ပြောနေသော သူ့စကားများက မိသားစုဘဝလေးကို မက်မောတမ်းတ လိုချင်နေသည့်ဟန်။

"သားလေးသာရရင် ကို့စိတ်တွေ နူးညံ့လာမှာ။ စိတ်အလိုမကျတိုင်း ဖြူ့ကို အနိုင်ကျင့်မိတာ ကို သိပါတယ်။ ဖြူ့ကို ငယ်နိုင်လို့ ကို စိတ်ခွဲမိနေတယ် ထင်ပါရဲ့"

တိမ်ညိုမည်းများက လမင်းကြီးအပေါ်ဖုံးအုပ်နေ သည်မှ တဖြည်းဖြည်းပြယ်လွင့်စ ပြုလာ၏။ မလင်း မမှောင် လရောင်မှိန်မှိန်အောက်က ဖြူ့မျက်နှာက မပီပြင်သည့် အပြုံးကိုတော့ သူ မမြင်ပါ။

"ကို့လိုမျိုး သားလေးကိုတော့ စိတ်ဒဏ်ရာမရစေ ရဘူးကွာ။ အမေ ရက်စက်တယ်။ ကိုတို့ သားအဖကို သူ့အတ္တတွေနဲ့ အနိုင်ယူသွားတယ်"

အံကြိတ်ပြီးပြောနေသော သူ့အသံက အက်ရှရှ။

"သိလားဖြူ ကိုက နောက်ကွယ်ကနေပြီး အမြဲ စောင့်ကြည့်နေခဲ့တာ"

ဖြူ ခြေဖျားလက်ဖျားများ အေးစက်လာ၏။ သူ သိသွားပြီလား။ သူ့လိုလားတောင့်တချက်က ပြင်း ပြလွန်းသည်။

"ညနေက ကို သိလာရတာကို ရင်နာတယ်"

အာခေါင်များခြောက်ကပ်လာသလို ရင်ထဲလည်းပူ တက်လာသည်။ သူ သိလာပြီဆိုတော့ ဖြူ့ကို အပြစ် ပေးတော့မည်ထင်၏။ ငါးနှစ်တာ ကာလအတွင်း အလုပ်များသော သူ မသိအောင် သုံးလတစ်ကြိမ် သိုသိပ်စွာ ဖြူတားဆီးခဲ့ခြင်းများ။

"ဟင် ဖြူ လက်တွေအေးစက်နေပါလား။ ဘာ ဖြစ်လို့လဲ"

ထိုင်နေရာမှ ခါးကိုကိုင်းပြီးဖြူ့လက်ကို ရုတ်တရက် ဖမ်းဆုပ်ကိုင်ကာ စိုးရိမ်စွာ သူမေး၏။ လက်ကို ဆွဲရုပ်ပြီး။

"ဟို ပန်းကန်တွေဆေးလိုက်လို့ နေမှာပါ"

သူ ဆက်ပြောလာမည့်စကားများကို ဖြူမကြားရဲ။ သို့သော် ထပြီးအိမ်ထဲဝင်သွားလို့လည်းမရ။

"အင်း ကို သိခဲ့တာကလေ အမေ့လူကြီး စီးပွား ရေးနာလန်မထူတော့ဘူး။ အမေ့ပစ္စည်းတွေကို ရင်းနှီး ပြီးလုပ်တဲ့ သူ့စီးပွားပျက်အောင်လို့ ကို့လူယုံတွေကို သေချာလုပ်ခိုင်းပစ်တာ။ ဟား ဟား ဟား"

သူသိလာတာကို ကျေနပ်ရင်နာနေခြင်းက ကရုဏာသက်စရာ။ ဖခင်အရက်သောက်များပြီး သေဆုံးခဲ့ရသည်မှာ မိခင်ကြောင့်ဟုဆိုကာ အငြိုး ကြီးစိတ်နာနေသော ကိုသစ်လွင်း၏လုပ်ရပ်ကို ဖြူ သဘောမကျပါ။

ရင်ဘတ်အတွင်းမှ ဆို့တက်လာသော လေပူကို သူ မသိအောင် အသာအယာမှုတ်ထုတ်မိ၏။

စာမျက်နှာ ၂၅သို့ ➤

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၀၁ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၄၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲကြီး ၄၈၄၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ အခု ၄၈၀၁ ဧကစိုက်ပျိုးပြီးပါပြီ။ လျာ ထားချက် ဧကပြည့်မီစွာ စိုက်ပျိုး နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့် တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်း ချိန်လွန်နည်းပညာပေးတာ စတာ တွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် စံကားကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံကားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြမွေး(နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံ ဦးဟိန်းထက်ကျော်တို့က စံကားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွင်း လီတာ ၂၀၀၀ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် အားကစားကွင်း အတွင်းအရှည်ပေ ၃၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာ ကြားသည်။

စံကားကျေးရွာတွင် အဆိုပါ လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ်နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်နိုး(မလှိုင်)**



➤ စာမျက်နှာ ၂၄ မှအဆက်

"သားလေး မွေးပေးပါ ဖြူရာ။ ကို ဖြူ့ကို အနိုင်မယူတော့ပါဘူး။ အမေ တို့ကိုကို အနိုင်ယူလိုက်နိုင်ပြီ။ ကိုတို့သာယာတဲ့မိသားစုလေးကို ရချင်ပါတယ်"

မျက်ဝန်းများ တဖျပ်ဖျပ်လက်လာပြီး ဖြူ့ကို တောင်းဆိုနေသည်မှာ ကလေးတစ်ဦးနှယ်။ လမင်းကြီးလည်း တိမ်ညိုကင်းသွားပြီ။ တရွေ့ရွေ့ ရွေ့လျားသွားသော တိမ်ညိုဆိုင်းဆိုင်းများက အနိုင်ပိုင်းချင်သည့် ဖြူ့စိတ်များကို သယ်ဆောင်သွားသည်။

(၇)

"ဖြူရေ သွားမလား ဟေ့"

"မသွားတော့ဘူး မမ"

"ဟယ် ရက်တွေလွန်ကုန်မယ်လေ"

ဖြူ့ခံစားချက်ကို စာနာနားလည်ပေးပြီး သုံးလတစ်ကြိမ် ရက်ကို မှတ်ထားပေးကာ ကူညီပေးနေသော မမမူကို အားနာမိသည်။ သူပြောခဲ့သည့် မိသားစုဟူသော စကားလုံးလေးက ရင်တွင်း၌ နွေးထွေးလှသည်။

"မမ ထိုင်ပါအုံး။ ဖြူစိတ်ပြောင်းသွားပြီ။ ကလေးယူတော့မယ်"

"ဟေ ဟုတ်လား။ အေး ကောင်းတာပေါ့။ အဲဒီဆေးတွေက နှစ်အကြာကြီးထိုးရင် ဘေးထွက်ဆိုးကျိုးဖြစ်တတ်တယ်တဲ့"

"ဟုတ်လား မမ"

"အေး မမလဲ အဲဒီလိုသိတာပဲလေ။ မသွားတော့ဘူးဆိုရင် မမ ပြန်တော့မယ်။ အိမ်အလုပ်တွေရှိသေးလို့"

"ဟုတ်ကဲ့ ကျေးဇူးပါ မမ"

ဖြူ့ရင်ထဲတွင်လည်း မိသားစုလေးကို မက်မောမိပြီ။ မမမူ ပြောသွားသော သန္ဓေတားဆေး၏ ဘေးထွက်ဆိုးကျိုးကိုတော့ ကြောက်မိသလိုလို။ ကိုသစ်လှိုင်းက ယခင်လိုဖြူ့ကို အနိုင်မကျင့်တော့ပါ။ ဂရုစိုက်ကြင်နာပေး၏။

"ဖြူ ဆေးမှန်မှန်သောက်ရဲ့လား။ ကိုသားလေးက မလာသေးဘူးလားကွာ။ မျှော်လိုက်ရတာ"

ဖြူ သားသမီးရချင်၍ မီးယပ်သားဖွားအထူးကုဆရာဝန်နှင့် ပြသကာ ဆေးစားရသည်။ သို့သော် သုံးနှစ်သာကျော်လာပြီ မရနိုင်သေး။ သည်နေ့ ကိုသစ်လှိုင်းမျက်နှာမကောင်း။ ပွဲရုံကလည်း အရှုံးများဆက်တိုက်ပေါ်နေ၏။

"ကို ခေါင်းမူးလာတယ်။ အိပ်ရာဝင်နှင့်မယ်"

ထမင်းကိုပင် ကုန်အောင်မစားတော့ဘဲ ကိုသစ်လှိုင်း ထသွားသည်။

"ဟင် ကို ကို"

အိုးခွက်ပန်းကန်များဆေးကြောပြီး ဖြူ အိပ်ခန်းတွင်းဝင်လာတော့ ကိုသစ်လှိုင်းက ခုတင်ဘေးတွင် လဲကျလျက်။ ဖြူ ပျာယာခတ်ကာ အိမ်နီးချင်းများအကူအညီဖြင့် ကိုကိုဆေးရုံတင်ရသည်။ ကိုယ်တစ်ခြမ်းလေဖြတ်သွားသည့် ကိုသစ်လှိုင်းက သားလေးလိုချင်သည်ဟု အပြောကမလျှော့သေး။

"ဖြူ ကိုတို့မိသားစုဘဝလေး မရနိုင်တော့ဘူးလား"

ဆေးရုံက ပြန်ဆင်းလာပြီးနောက် ခုတင်ပေါ်သာ ပက်လက်နေရသော ကိုသစ်လှိုင်း။ ရင်သွေးရတနာလေးကို တားဆီးပိတ်ပင်ခဲ့မိသော ဖြူ။ ဆို့နင့်ကြေကွဲစွာ တမ်းတမ်းတတမေးနေသော ကိုသစ်လှိုင်းကို ဖြူ နှစ်သိမ့်ပေးရန် စကားလုံးမရှိ။ ရင်သွေးလေး မရနိုင်တော့ဘူးလားဟု ကိုယ့်ကိုယ်ကိုယ်အကြိမ်ကြိမ်ပြန်မေးနေမိသော ဖြူ့ ရင်ထဲတွင်လည်း နာကျင်လျက်။ အနိုင်လိုချင်သူ၊ အနိုင်ပိုင်းချင်သူ။ ငယ်နိုင်၏ အရှုံးများပေလားဟု ဖြူတွေးမိသည်။

# အရာရာတွင် ဉာဏ်နှင့်ယှဉ်

\- အသိဉာဏ် ချို့တဲ့လျှင်ဖြင့်
အလင်းမဲ့ ညပမာ၊
ဘဝတွေ မှောင်မိုက်လို့
ငိုရှိုက်ရမှာ၊
သောကတို့ စုပြုံကာ
ကြုံဆုံလာ ခရီးကြမ်း၊
အမြင်တွေ တစ်ဖက်စောင်း
မကောင်းသည့်လမ်း။

\- စိတ်အမှောင် ဖြိုကာရှင်း
မျှော်လင့်ခြင်းဖြင့် အသက်ရှင်၊
ဒုက္ခကို ရင်ဆိုင်လို့
ပန်းတိုင်သို့ဝင်၊
ကောင်းသတင်း မွှေးလျက်ပင်
ဘဝတွင် အောင်မြင်ရ၊
လူဆိုသည် အမှန်အမှား
စဉ်းစားသင့်လှ။

\- ဘုရားရှင် ဟောညွှန်ပြ
မဖွဲ့မ ပဋိပဒါ၊
သင်ကိုယ်တိုင် နှလုံးသွင်း
အမှန်းကင်းကွာ၊
မကောင်းမှု ရှောင်ဖယ်ခွာ
လှပြည်ရွာ တည်ငြိမ်အေး၊
အနာဂတ်တွင် ရွှေရောင်လွှမ်းဖို့
ကြိုးပမ်းစို့လေး။ ။

**မောင်လူစိုး**

# ကြံခင်းမြို့နယ် မဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ်၂၄ ဒသမ ၈၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ်၈ဒသမ၅၄သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၆၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# လပွတ္တာမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းနေ



**လပွတ္တာ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ အရောင်းအဝယ်ကောင်းနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများထွက်ရှိလျက်ရှိပြီး ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ကာ နေလှန်းဆားများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား တစ်ရက်လျှင် ပိဿာချိန် ၆၀၀ မှ ၁၃၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“နေလှန်းဆားဈေးက အရင်ထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်း ငါးပိတွေ၊ ငါးခြောက်တွေ၊ ငံပြာရည်တွေလုပ်ကိုင်တဲ့ ရာသီဖြစ်လို့ အခုလိုဒေသထွက် ဆားအရောင်းအဝယ်ကောင်းလာတာပါ။လက်ရှိအချိန်က ဒေသမှာ ဆားသစ်တွေ စတင်ပေါ်နေချိန်ဖြစ်ပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေရတယ်။ ဒေသထွက် ဆားတွေကို ဆားဝယ်လက်တွေဆီရောင်းချနေရတဲ့အပြင် ရန်ကုန်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်”ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်မြို့ကို အများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် နေလှန်းဆားများကို ဒေသခံတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ လုပ်ကိုင်လျက်ရှိကြောင်း၊ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းခတ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းမိုင်(လားဟူ) ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့်ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ် ယန်းမိုင် (လားဟူ) ကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ယန်းမိုင် (လားဟူ)ကျေးရွာရှိ အိမ်ခြေ ၆၇ အိမ်၊ လူ ၃၄၇ ဦးအတွက် သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် အစည်းအဝေးအခမ်းအနားများ ကျင်းပပြုလုပ်ရာတွင် အခက်အခဲမရှိ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးသူ**

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၆၄၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၆၄၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၇၃၅၈ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၄၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဆီထွက်သီးနှံဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်”ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။



ရွှေဘိုမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၆၄၂၅ ဧက၊ နှမ်း ၉၅၈၈ ဧက၊ နေကြာ ၄၇၅ ဧက စုစုပေါင်း ၁၆၄၈၈ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၇၃၂၃ ဧက၊နှမ်း ၉၅၈၇ ဧက၊ နေကြာ ၄၄၈ ဧက စုစုပေါင်း ၁၇၃၅၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက် ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် ကျောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

**နတ်မောက် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံ ဝန်ထမ်းများသည် ကျောက်ပုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ငွေစာရင်းဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ စာရင်းဇယားထိန်းသိမ်းမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ငွေကျပ် ၄၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# ဖြူးမြို့နယ် ပဲနွယ်ဂုတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပဲနွယ်ဂုတ်ကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပဲနွယ်ဂုတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာ စိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပဲနွယ်ဂုတ်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပဲနွယ်ဂုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၃၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

စာပေမြင့်မှ လူမျိုးတင့်မည်

# ယဉ်တစ်ကိုယ်စာ

ကိုဇော်ဌေး(ယဉ်ကျေးမှု)



အင်းဝခေတ် ကချေသည် ဝတ်စားဟန်။

"ကိုယ်ပြင်ပါးပါး၊ အသားလျှံတောက်၊ လက်ကောက်နာရရီ၊ ကျောက်စီလျှပ်လျှပ်၊ နားကပ်ရဲရဲ၊ ဝတ်လဲပြောင်ပြောင်၊ ဆံရောင်ဖိတ်ဖိတ်၊ မြင်သူစိတ်သည်" ဟူ၍ ဇနပဒ၏အလှကို နေမျိုးမင်းလှကျော်သူ ဦးယာက ဖွဲ့သည်။ "ရွှေညောင်းစောင်းမှ၊ ရှုတ်ခြည်းထသော်၊ အလှအင်စုံ၊ ကောတုမ္ဗရာဇ်၊ တိုင်းမှဖြစ်ဘိ၊ ပြေပြစ်သားသား၊ ညှံ့ထွားလူလူ၊ စက္ကူအဟန်၊ သိန်းတန်လွှလွှ၊ ဝတ်တော်စလျှင်၊ ဆမတော်စွာ"ဟူ၍ မုဒုလက္ခဏာ မိဖုရားကြီး၏အလှကို တွင်းသင်းမင်းကြီး ဦးထွန်းညိုကဖွဲ့သည်။ မိန်းမသားတို့၏အလှကို ဝတ်စားဆင်ယင်မှုဖြင့် စာဆိုတို့က ပုံပိုးပြရာဝယ် "ဝတ်လဲပြောင်ပြောင်"ဟုလည်းကောင်း၊ "သိန်းတန်လွှလွှ၊ ဝတ်တော်စလျှင်"ဟုလည်းကောင်း ယဉ်တစ်ကိုယ်စာကို ပြောပြခဲ့ကြသည်။ ခေတ်အဆက်ဆက် စာဆိုတို့ ဖွဲ့ဆိုပြခဲ့ကြသည့် မိန်းမသားတို့၏ ယဉ်တစ်ကိုယ်စာ ဖြစ်တည်လာမှုသည် စိတ်ဝင်စားဖွယ်ကောင်းသည်။

အင်္ကျီဟူသောစကားသည် အင်းဝခေတ်လောက်က ပင်ပေါ်သော ကိုယ်ဝတ်ဖြစ်သည်။ သက္ကရာဇ် ၈၄၅ ခုနှစ် အင်းဝမင်းခေါင်လက်ထက်တွင် အင်္ကျီဟူသော စကား ခေတ်စားလာသည်။ ရှင်မဟာရဋ္ဌသာရ ရေးသော တောင့်တဲတွန့်ရတုပိုဒ်စုံတွင် "ရွှေချည်ရေးသို့၊ ပုံ့မွှေးရွှေအင်္ကျီ၊ ရွှေထမီနှင့်၊ မြစီရွှေနားဋ္ဌောင်း၊ နွဲ့နွဲ့နှောင်းလျက်"ဟူ၍ အင်္ကျီဟူသောစကားလုံးကို ဖွဲ့ဆိုပြခဲ့လေသည်။

အင်္ကျီကဲ့သို့ပင် ကိုယ်တွင်ဝတ်သော ကိုယ်ဝတ်ဟူ၍ လည်း ရှိသေးသည်။ ကိုယ်ဝတ်မှာ ကိုယ်ရုံနှင့်ခြားနားမည်ထင်ပါသည်။ ချပ်ချပ်ရပ်ရပ်ဝတ်ရသော အဝတ်အစားပင်ဖြစ်မည်။ နတ်ရှင်နောင်၏ တင့်လှပေဟန်ချီရတုတွင်"လှနိတုံလည်း၊ ပန်းစုံရောယှက်၊ ထုံးမြစ္ဆက်နှင့်၊ လိုက်ဘက်တင့်မှတ်၊ ကိုယ်ဝတ်တော်မှာ၊ မလ္လာရနံ့၊ သင်းပျံ့ကြိုင်ရွှန်း"ဟူ၍ စပ်ဆိုထားသည်။ ကိုယ်ဝတ်တော်အင်္ကျီမှာ မြတ်လေးပန်းအနံ့ဖြင့် မွှေးကြိုင်နေသည်ကိုထောက်သော် ခန္ဓာကိုယ်တွင်ကပ်လျက် ချပ်ရပ်သောအဝတ်ဟူ၍ မှတ်ယူနိုင်သည်။ ကိုယ်ဝတ်ကဲ့သို့ပင် ရင်ဝတ်ဟူ၍လည်းရှိသေးသည်။ အနော်ရထာမင်းနှင့် စုက္ကတေးမင်း မြင်းစီးချင်းတိုက်၍ စုက္ကတေးကျသော် အနော်ရထာမင်း၏မယ်တော်သည် ရင်ဝတ်မျှမကပ်။ "ပုတ္တလင်-ပုတ္တလင်"ဟူ၍ အော်ပြီး ပြေးလာသည်ဟု ရာဇဝင်တွင်ဆိုသည်ကိုထောက်၍ လည်းကောင်း၊ တစ်သက်တွင် သုံးခါမျှသာပြုံးဖူးသော ရမည်းသင်းစားသီလဝ၏မယားသည် မြို့အနီးသို့ စစ်သူကြီးရောက်သည်တွင် အပန်းတကြီးရင်ဝတ်မျှ မကပ်၊ လင်ဖြစ်သူ သီလဝရှိရာသို့ပြေးလာပြီး အကြောင်းကြားသည်ဟု ရာဇဝင်တွင်ဆိုသည်ကိုထောက်၍ လည်းကောင်း ရင်ဝတ်သည် ချပ်ချပ်ရပ်ရပ်မရှိလျှင်၊ ပြုပြ ပြင်ပြင်မရှိလျှင် မလုံခြုံကြောင်း ဖော်ပြသည့် အဝတ်တန်ဆာတစ်မျိုးပင်ဖြစ်သည်။

ထိုင်မသိမ်းအင်္ကျီဟူသည် ထိုင်သည့်အခါဝတ်လုံများကဲ့သို့ အောက်နားကိုမသိမ်းရဘဲ နေနိုင်သည့်အတွက် ထိုင်မသိမ်းဟုခေါ်ကြခြင်းဖြစ်သည်။ ရှေးအခါက ဝတ်ကြသည့် အမျိုးသမီးအင်္ကျီတို့သည် အနည်းဆုံးတင်ပါးဖုံးအောင်ပင် ရှည်လျားကြသည်။ ထို့ကြောင့် ထိုင်သည့်အခါ အင်္ကျီကိုမပိမိအောင် အထက်သို့ အတန်ငယ်သိမ်းပြီး ထိုင်ကြရသည်။ ထိုင်မသိမ်းမှာမူ အင်္ကျီတိုကလေးပင်ဖြစ်တော့သည်။ အင်္ကျီခါးတိုမျိုးပင်ဖြစ်သည်။ ထိုင်မသိမ်းသည် ကုန်းဘောင်ခေတ်ဇာတ်မင်းသမီးတို့ ဝတ်ဆင်ကြသဖြင့် ထိုကာလကတည်းက ပေါ်ပေါက်ခဲ့မည်ဖြစ်သည်။ ယခုအခါ ဇာတ်မင်းသမီး၊ အငြိမ့်မင်းသမီးတို့သာလျှင် ဝတ်ဆင်ကြသည်။ မင်္ဂလာဆောင်တချို့၌လည်း သတို့သမီးတို့သည် ဖက်ရှင်တစ်မျိုးနှယ် ဝတ်ဆင်ကြသည်မှအပ ဝတ်ဆင်သူနည်းပါးသည့် အင်္ကျီဖြစ်သည်။

ယဉ်တစ်ကိုယ်စာတွင် ဇာဘော်လီဟူသည့်မိန်းမ အသုံးအဆောင်အတွင်းထဲတွင် ဝတ်ဆင်သော အတွင်းခံအင်္ကျီတစ်မျိုးလည်းရှိသေးသည်။ ဇာရက်လုပ်ခြင်းအတတ်မှာ ၁၅ ရာစုနှစ်ကပင် စတင်ပေါ်ပေါက်လာသည်။ ၁၆ ရာစုနှင့် ၁၇ ရာစုများတွင် မိန်းမများထက် ယောကျ်ားများက ဇာကိုပိုမိုအသုံးပြုကြသည်။ ဇာအမည်ကို ထုတ်လုပ်သောနိုင်ငံကိုစွဲ၍ လည်းကောင်း၊ မြို့ရွာအရပ်ဒေသကိုစွဲ၍လည်းကောင်း မှည့်ခေါ်ကြသည်။ မြန်မာစာတွင် ဇာကိုသတောင်း ဟူ၍ သုံးစွဲခေါ်ဝေါ်ကြသည်။ တောင်ငူဘုရင်နတ်ရှင်နောင်ဆို ရက်လခါကျော် ချီရတုတွင် "သိင်္ဂါချယ်သန်း၊ စိန်ပန်းပွင့်သီ၊ သရီကိုယ်ထည်၊ ရစ်လည်သတောင်း၊ ပန်းပေါင်းကြိုင်မြ၊ အုံးဆင့်နွဲ့လျက်"ဟူ၍ စပ်ဆိုထားသည်။ ရတုပါသတောင်းသည် ဇာကိုဆိုသည်။ ဘော်လီဆိုသည်ကား အင်္ဂလိပ်စကားမှလာသော စကားဖြစ်သည်။ ဘောဒစ်(စ်)(Bodice)ကို ပီသအောင်မခေါ်နိုင်၍ ဇာဘော်ဒီ၊ ဇာဘော်လီ စသည်ဖြင့် စကားရွေ့လျားပျက်ပြားလာခြင်းဖြစ်နိုင်သည်။ ဇာအနားရှိသောအင်္ကျီဟုအဓိပ္ပာယ်ရသည်။ ဇာဘော်လီကဲ့သို့ပင် မိန်းမအသုံးအဆောင်အတွင်းထဲတွင် ဝတ်ဆင်သည့်အတွင်းခံအင်္ကျီတစ်မျိုးကို ရှင်မီးဟုခေါ်ကြသေးသည်။ ပြင်သစ်စကားဖြင့် Chemy ရှိသည်။ အင်္ဂလိပ်စကားဖြင့် Chemise ဟူသောအထည်ပင်ဖြစ်သည်။ အဓိပ္ပာယ်မှာ အတွင်းခံအဝတ်ဟူ၍ဖြစ်သည်။ အမျိုးသမီး ကြီးငယ်တို့နှင့်သာ သက်ဆိုင်သောအဝတ်ဖြစ်သည်။ Chemise ကို မြန်မာများက အသံလိုက်ထွက်ရင်း ရှင်မီးဟူ၍ဖြစ်လာခြင်းတည်း။

တစ်ဖန် ရင်သားကိုသိမ်းဆည်းကာကွယ်၍ ဝတ်ဆင်ထားသည့် ရင်သိမ်းဟူသည်လည်းရှိသေးသည်။ ယခုခေတ် ဇာတ်မင်းသမီး၊ အငြိမ့်မင်းသမီးတို့ ဝတ်လေ့ရှိသည်။ ကိုယ်ကျပ်အင်္ကျီကဲ့သို့ပင်ဖြစ်သည်။ ရင်သိမ်းကိုဝတ်ပြီးမှ အပေါ်က ထိုင်မသိမ်းအင်္ကျီကို ဝတ်ရသည်။ အကြမ်းအားဖြင့် မိန်းမသားများ အတွင်းခံအင်္ကျီမျှသာဖြစ်သည်။ ရွှေတောင်နန္ဒသူရေးသော မွေ့နန်းရကန်အပိုဒ်(၂)တွင် "ရတနာရင်သိမ်းကို၊ မိန်းမတောမှာမို့ လျှောချင်လျှောရော့၊ လျှောသကဲ့သို့၊ နိုးလို့ပြီးခါ၊ ဘလာပြိုပြို၊ အင်္ကျီကိုလဲ၊ ယူခဲ့ဘဲနှင့်၊ ဝဲလင်းအတွင်း၊ ပြတင်းကျယ်အပေါက်နှစ်တောင်လောက်တွင်" စသည်ဖြင့် စပ်ဆိုခဲ့သည်ကို ထောက်လျှင် ရင်သိမ်းမျှသာဝတ်ပြီး အင်္ကျီကိုမယူခဲ့ဘဲ မင်းသမီးလေးထွက်လာသည် ဟူ၍ အဓိပ္ပာယ်ရသောကြောင့် ရင်သိမ်းမှာ အတွင်းခံဖြစ်ကြောင်း သိသာသည်။ ထို့ပြင် "ထဲနှီး"ဟူသည့် မိန်းမသားသုံး အတွင်းခံ ကိုယ်ကျပ်အင်္ကျီလည်းရှိသေးသည်။ ရှေးစာဟောင်းများတွင် "နှီး"ဆိုသောဝေါဟာရမှာ အဝတ်အလုံးစုံကို ခြုံငုံ၍ခေါ်သောစကားဖြစ်သည်။ ခင်းသောအနှီးကို ခင်းနှီး၊ မိုးရေအတွင်း ဆောင်းသော အဝတ်ကိုမိုးနှီး၊ အသုံးမကျသောအဝတ်ကို အနှီး ဟူ၍ခေါ်ခဲ့ကြသည်။ ထို့ကြောင့် ထဲနှီးဆိုသည်မှာ အထဲခံအဝတ်ပင်ဖြစ်သည်။ ပေါရာဏစကားဟောင်းများတွင်လည်း ထဲနှီးကို အတွင်းခံအဝတ်ဟုပင် အနက်ပေးသည်။

အမျိုးသမီးတို့၏ယဉ်တစ်ကိုယ်စာ၌ ထဘီ၏ တန်ဖိုးသည်လည်းမြင့်မားသည်။ ထဘီဟူသောစကားကိုပုဂံခေတ်၊ ပင်းယခေတ်တို့တွင် တွင်တွင်ကြီးသုံးနေကြပြီဟု မှန်းဆနိုင်သည်။ မိန်းမသားများအတွက် အောက်ပိုင်းတွင်ဝတ်ဆင်ဖုံးလွှမ်းသည်ကို ထဘီ၊ အထက်ပိုင်းတွင်ဝတ်ဆင်ဖုံးလွှမ်းသည်ကို တဘက်ဟုခေါ်ကြသည်။ ထဘီသည်ထိုင်သောအခါ၊ ထသောအခါလုံခြုံစေရန် အောက်ပိုင်းတွင်ဝတ်ဆင်သော အဝတ်ဖြစ်သည်။ ထို့ကြောင့် ထဘီမှာလုံခြုံခြင်းအနက်ရသည်။ "ထ"သည် အထအထိုင်ပင်ဖြစ်သည်။ "ဘီ"သည်ဟန့်တားခြင်း၊ ကာဆီးခြင်းဖြစ်သည်။ ရှေးက ထမီဟုလည်း ခေါ်ကြသည်။ အင်းဝပြည်ကို သတိုးမင်းဖျားမတည်မီ စစ်ကိုင်းကိုထပ်မံမြို့သစ်တည်မည်ကြံရာ "ထဘီကောင်းစေ၊ ခြေကောင်းစေ၊ တဘက်ခါးစည်း၊ ချွေးကြီးတဖြာ၊ ပန်းမာလာ"ဟူ၍ တဘောင်ပေါ်သည်ကို ထောက်၍ ထဘီ၊ တဘက်ခါးစည်းတို့ ထိုစဉ်ကာလက ပင်ပေါ်နေပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ အင်းဝသီချင်းဟောင်းတစ်ခုတွင် "ပန်းဘက်ပန်းဘီနှင့်တပ်နီကိုလူစီးတက်၊ ဘုမိတဲ့သဲ့"ဟုတွေ့ရသည်။ ထဘီကို ကွင်းစွပ်၍ဝတ်ရသည်။ ကုလားကျမင်းလက်ထက်တွင် ရှေ့ကွဲထဘီကို အမိန့်အာဏာထား၍ ဝတ်စေသောကြောင့်ဝတ်ရသည်။ နောင်သော် ကွယ်ပျောက်ခဲ့သော်လည်း ယနေ့ခေတ်တွင် ဒီဇိုင်းနောက်လိုက်ကာ ရှေ့ကွဲထဘီများ ပြန်လည်ဝတ်ဆင်လာသည်ကို တွေ့ရသည်။

ထဘီကဲ့သို့ပင်ခါးချပ်ဟူသည့် မိန်းမသားတို့နှင့်သာ သက်ဆိုင်သည့်စကားဝေါဟာရလည်းရှိခဲ့သည်။ ချပ်ချပ်ရပ်ရပ်ဝတ်ထားသည်ကိုအစွဲပြု၍ ခါးချပ်ဟုခေါ်သည်။ ထဘီရှည်တစ်မျိုးပင်ဖြစ်သည်။ ရှေးအခါက ထဘီကို အထက်ဆင့်ရှည်စွာတတ်၍ ပထမ ရင်ရှားသည်။ တစ်ဖန်ထဘီကို ခါးဆီး၌အတန်ငယ် အထက်သို့ဆွဲတင်ပြီးလျှင် တစ်ချက်လိမ်၍ဝတ်ပြန်သည်။ ဤသို့ ဝတ်သည်ကို ခါးချပ်ဝတ်သည် သို့မဟုတ် ခါးချပ်ထိုးသည် တစ်နည်း ခါးတင်ထိုးသည်ဟုဆိုကြသည်။ ဆင်ဖြူရှင် မင်းတရားလက်ထက် ရွှေတောင်နန္ဒသူရေးသော မွေ့နန်းရကန်အပိုဒ်(၆)တွင် တွေ့ရသည်ကား " နန်းတော်သူတွေ၊ နေချင်သမျှ၊ မိန်းမသက်သက်၊ ရှက်ကြောက်စရာ၊ ဘာမျှမရှိ၊ ဒေသအလိုက်၊ လိုမ်းခိုက်စားခိုက်၊ ကြိုက်ရာပြုသသူ၊ ဖြူရွှထွားမွတ်၊ ခါးချပ်ထဘီ၊ အင်္ကျီဒုရင်၊ မဆင်ကြသေး"ဟူ၍ပါရှိသည်။ ဤသည် ကိုထောက်သော် ခါးချပ်ဟူသည် မိန်းမသားတို့ ဝတ်ဆင်သောအရာဟု သိနိုင်သည်။

ယဉ်တစ်ကိုယ်စာလှကြရန် ခါသာပိတ်ကိုဝတ်ကြသည်။ ရခိုင်ပညာရှိ အဒူမင်းညိုဆိုသည့်ရခိုင်မင်းသမီးချင်းတွင် "သိန်းထိဘိုးခက်၊ ညှံ့သက်ပင်ချည်၊ လျားနံ့ရှည်နှင့်၊ နောက်ပြည်မင်းတို့၊ ခွန်းဆက်ပို့သား၊ နှစ်လို့ဘွယ်ရာ၊ ခါသာသလင်း၊ အောက်နီးခင်းလျက်" ဟူ၍ပါရှိသဖြင့် ခါသာပိတ်မှာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံမှ တင်ပို့သောပိတ်ဖြစ်သည်။ "ခါသာသလင်း" ဟုဆိုထား၍ သလင်းသည်လည်း ပိတ်တစ်မျိုးဖြစ်သည်။ စလင်းပိတ်ဟူ၍လည်းခေါ်ကြသေးသည်။ ပိတ်အသားမှာ ခါသာကဲ့သို့ မနူးညံ့ဟုဆိုကြသည်။ ကုန်းဘောင်ခေတ် သို့မဟုတ် ဒုတိယအင်းဝခေတ်တွင် သက္ကလတ်ပိတ်ပေါ်လာသည်။ ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် "ခါသာကရက်၊ သက္ကလတ်၊ ညစ်ပတ်မဲအောင်ဆင်"ဟူ၍ ဖော်ပြထားသည်။ "ခါသာကရက်"ဟုဆိုထားသဖြင့် ကရက်မှာလည်း ပိတ်စပင်ဖြစ်သည်။ အင်းဝခေတ်ကတည်းကပေါ်နေ၊ သုံးနေပြီဖြစ်သည်။ ကမ္ဗလာဟူသည့် အမွေးနူးညံ့၍ ချောမွေ့သော အထည်လည်းရှိသည်။ ကတ္တီပါဟူသည့်အမွေးနုသော အဝတ်စလည်းရှိသည်။ ပိုးမည်သော တရုတ်ပြည်နှင့် ကုန်သွယ်ရင်းဝင်ရောက်လာသော အဝတ်စလည်းရှိသည်။ အနောက်နိုင်ငံမှ တကေလူမျိုးတို့နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရင်း ဖဲထည်တို့လည်း ရောက်လာသည်။ ပုဂံခေတ်သုံး ဖျင်ထည်မှာ ကုန်းဘောင်ခေတ်တွင် မိန်းမလှတို့ အသုံးနည်းလာသည်။

ယဉ်တစ်ကိုယ်စာလှကြဖို့ ပခုံးထက်ဝယ်ဆာပါ ဟုခေါ်သည့် ပဝါတင်ကြသည်။ တဘက်ကိုလည်း တင်တတ်ကြသေးသည်။ အသက်ကြီးသူများက မျက်နှာသုတ်ပဝါကိုတင်ကြသည်။ စုလျားထည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ရှေးခေတ် ထိမ်းမြားလက်ထပ်ကြလျှင် သတို့သားနှင့်သတို့သမီးတို့၏ လက်နှစ်ဖက်ကို ပူးပေါင်း၍စည်းနှောင်သည့် အထည်ကို စုလျားထည်ဟုခေါ်ကြသည်။ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် "ကပ္ပရက္ခာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ချ၊ ပါဝါရဟု၊ ဆွဆွဖြူထွား၊ ဝတ်စုလျားလည်း"ဟူ၍ စုလျားအဝတ်ကို ဖော်ပြထားသည်။

သို့နှယ်ခေတ်အဆက်ဆက်စာဆိုတို့က အမျိုးသမီးများ၏အလှကိုဖွဲ့ရင်း ယဉ်တစ်ကိုယ်စာ ဝတ်ဆင်ရာများကို ဖော်ပြလာကြခြင်းဖြစ်သည်။ စာဆိုတို့ဖော်ပြမှုကြောင့်ပင် ခေတ်အဆက်ဆက် အသုံးအဆောင်တို့ကို လေးလေးနက်နက်သိခွင့်ရသည့် အကျိုးကလည်း ကြီးမားလှသည်။ ဆိုရပါမူ မြန်မာအမျိုးသမီးတို့၏ ယဉ်တစ်ကိုယ်စာတန်ဖိုးသည် ကြီးမားပါကြောင်း ခေတ်သမီးပျိုတို့ကို လက်ဆင့်ကမ်းလိုက်ပါသည်။

❖ ထိုင်မသိမ်းအင်္ကျီဟူသည် ထိုင်သည့်အခါ ဝတ်လုံများကဲ့သို့ အောက်နားကိုမသိမ်းရဘဲ နေနိုင်သည့်အတွက် ထိုင်မသိမ်းဟုခေါ်ကြခြင်းဖြစ်သည်။ ရှေးအခါကဝတ်ကြသည့် အမျိုးသမီးအင်္ကျီတို့သည် အနည်းဆုံး တင်ပါးဖုံးအောင်ပင် ရှည်လျားကြသည်။ ထို့ကြောင့် ထိုင်သည့်အခါ အင်္ကျီကိုမပိမိအောင် အထက်သို့ အတန်ငယ်သိမ်းပြီး ထိုင်ကြရသည်။ ထိုင်မသိမ်းမှာမူ အင်္ကျီတိုကလေးပင်ဖြစ်တော့သည်။ အင်္ကျီခါးတိုမျိုးပင်ဖြစ်သည်။ ထိုင်မသိမ်းသည်ကုန်းဘောင်ခေတ်ဇာတ်မင်းသမီးတို့ဝတ်ဆင်ကြသဖြင့် ထိုကာလကတည်းက ပေါ်ပေါက်ခဲ့မည်ဖြစ်သည်။ ❖

**ကိုးကား**


၁။ စာပေတန်ဆောင်(မြကေတု)

၂။ မင်းနန်းပျို့နှင့် မုဒုလက္ခဏာပျို့

# သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောတောမီးအကြောင်း

မေငင်ထွန်း

တောမီးသည် ခြောက်သွေ့နေသောသစ်တောတွင် လောင်ကျွမ်းတတ်လေ့ရှိပြီး အခြားသောမီးဘေးနှင့်မတူကွဲပြားခြားနားသည်။ တောမီးလောင်ကျွမ်းလျှင် ဧရိယာအတိုင်းအတာကြီးမားကျယ်ပြန့်သည့်အပြင် လောင်ကျွမ်းသည်နှင့်တစ်ပြိုင်နက် အနီးဝန်းကျင်သို့ အလျင်အမြန်ကူးစက်နိုင်ခြေပိုမိုမြင့်မားပြီး တောမီး၏ ဦးတည်ရာအရပ်ကိုလည်း ခန့်မှန်းရခက်သည်။ မီးတားလမ်းများပြုလုပ်ထားရုံဖြင့် တောမီးကိုမတားဆီးနိုင်သည့်အတွက် တောမီးသည် လမ်းများ၊ မြစ်ချောင်းများကိုဖြတ်ကျော်ပြီး လူနေအိမ်များထိ ကူးစက်လောင်ကျွမ်းနိုင်စွမ်းရှိခြင်းဖြစ်သည်။

တောမီးအမျိုးအစားများစွာရှိသည်။ ခြောက်သွေ့သောချုံပုတ်တွင် လောင်သောတောမီး၊ ကန္တာရတွင် လောင်သောတောမီး၊ တောအုပ်အတွင်း လောင်သောတောမီး၊ မြက်ရိုင်းများပေါက်ရောက်ရာနေရာမှ စတင်လောင်သောတောမီး၊ တောင်ကုန်းတွင်လောင်သောတောမီး၊ သစ်ဆွေးများရှိရာနေရာတွင် လောင်သောတောမီး၊ ခြောက်သွေ့နေသော စိုက်ခင်းတွင်လောင်သောတောမီးနှင့် ခြောက်သွေ့နေသောမြက်ခင်းပြင်တွင် လောင်သောတောမီးဟူ၍ရှိသည်။ တောမီးသည် ကမ္ဘာပေါ်တွင် သစ်ပင်နှင့် အပင်ငယ်များစတင်ပေါ်ပေါက်လာသည့်အချိန်မှစ၍ ဖြစ်ပေါ်ခဲ့ကြောင်းကို ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်ကြွင်းကျန်ရစ်သော မီးသင့်ကျောက်များကို ကြည့်၍ သိရှိနိုင်သည်။

ပုံမှန်အားဖြင့် တောမီးစတင်လောင်ကျွမ်းမှုသည် သဘာဝအတိုင်းဖြစ်တတ်သကဲ့သို့ လူတို့၏မဆင်မခြင်လုပ်ရပ်များကြောင့်လည်း ဖြစ်ပွားလေ့ရှိသည်။ သဘာဝအတိုင်း တောမီးအလိုအလျောက်လောင်ကျွမ်းမှုကို ဖြစ်စေသောအကြောင်းတရားများမှာ ခြောက်သွေ့နေသောသစ်ပင်ကို မိုးကြိုးပစ်ခြင်း၊ မီးတောင်ပေါက်ကွဲမှုမှ လွင့်စဉ်လာသောမီးစ၊ မီးပွားများကျခြင်း၊ ကျောက်တုံးပြိုကျမှုဖြစ်ပွားစဉ် ကျောက်တုံးအချင်းချင်းပွတ်တိုက်မှုမှ ထွက်လာသောမီးပွားများကျခြင်းစသည်တို့ကြောင့်ဖြစ်သည်။

လူသားတို့၏လုပ်ဆောင်ချက်ကြောင့်ဖြစ်ရသည့် တောမီးလောင်မှု အရင်းအမြစ်များကိုဖော်ပြရလျှင် သစ်တောများအတွင်း ပျော်ပွဲစားပြီးသည့်အခါ မီးကြွင်းမီးကျန်များ စနစ်တကျမငြိမ်းသတ်ခဲ့ခြင်း၊ စိုက်ပျိုးမြေယာနှင့်လူနေအိမ်လိုအပ်ချက်များကြောင့် မြေများချဲ့ထွင်ရန် မီးရှို့ခြင်းနှင့်သစ်တောများအပေါ်တွင်သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားလိုင်းများ ဝိုင်ယာရှော့ခ်ဖြစ်ခြင်းစသည်တို့ဖြစ်သည်။ ထို့ပြင် မီးပွားများထွက်တတ်သည့်စက်ကိရိယာများဖြစ်သော လွှ၊ သစ်ဖြတ်စက်၊ မြက်ရိတ်စက်များကို သစ်တောများအတွင်း စည်းစနစ်တကျအသုံးမပြုမှုတို့ကြောင့်လည်း ဖြစ်နိုင်သည်။

တောမီးလောင်ရခြင်းမှာ မီးလောင်နိုင်သောအရင်းအမြစ်ဖြစ်သည့် သစ်ပင်၊ သစ်ရွက်၊ သစ်ဆွေးစသည်တို့သည် မီးထတောက်သည်ထိ ပြင်းလွန်းသောအပူချိန်ကို လုံလောက်စွာရရှိပြီး ပတ်ဝန်းကျင်လေထုတွင်ရှိသောအောက်ဆီဂျင်က တောမီးကို ပြင်းထန်အောင် ကူညီပံ့ပိုးလိုက်သည်နှင့် တောမီးလောင်ကျွမ်းမှုစတင်ကြောင်း သိရသည်။ တောမီးလောင်မှုဖြစ်ပွားရန် အကြောင်းတရားသုံးခုညီရသည်။ လောင်စာ၊ အပူချိန်နှင့်အောက်ဆီဂျင်တို့သည် တောမီးလောင်မှုကိုဖြစ်စေသော အကြောင်းတရားသုံးချက်ဖြစ်ပြီး မီးတြိဂံဟုဆိုကြသည်။ တောမီးစတင်ဖြစ်ပေါ်ရန် လိုအပ်သောအပူချိန်သည် ၂၀၀ ဒီဂရီစင်တီဂရိတ်အထက်ဖြစ်သည်။ များသောအားဖြင့် နေ့အချိန်တွင် နေရောင်ခြည်သည် မြေပြင်ကိုပူနွေးစေပြီး ညဘက်တွင်အေးမြစေသည့်အတွက် နေ့အချိန်တွင် အပူချိန်ပြင်းထန်ပြီး စိုထိုင်းဆနည်းပါးခြင်းနှင့် လေတိုက်နှုန်းမြင့်ခြင်းတို့ကြောင့် နေ့အခါ တောမီးလောင်ကျွမ်းမှုသည် ညအခါ တောမီးလောင်ကျွမ်းမှုထက် ပိုများသည်။

အပူလှိုင်းများ၊ မိုးခေါင်ခြင်း၊ အယ်လ်နီညိုကဲ့သို့သောရာသီဥတုပုံစံများအပါအဝင် အခြားသောရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တောမီးလောင်ကျွမ်းမှုများကိုတိုးလာစေသည်။ ပုံမှန်အတိုင်း မိုးရွာသွန်းလျှင် ထိုကာလတွင် သီးနှံစိုက်ခင်းများလျင်မြန်စွာကြီးထွားဖြစ်ထွန်းစေနိုင်သော်လည်း မိုးခေါင်ပြီးပူနွေးသောကာလများတွင်မှ ပိုမိုကျယ်ပြန့်သောတောမီးလောင်ကျွမ်းမှုနှင့် ပိုမိုရှည်လျားသောတောမီးရာသီများကို ဖြစ်စေသည်။ မြင့်မားသောအပူချိန်များသည် သစ်တောများအတွင်းရှိ သစ်ပင်များခြောက်သွေ့မှုကို တိုးမြင့်စေပြီး ခြောက်သွေ့နေသောသစ်ပင်၊ သစ်ရွက်နှင့် သစ်ဆွေးတို့ကဲ့သို့လောင်စာများသည် ပိုမိုမီးလောင်လွယ်စေကာ ကမ္ဘာ့သစ်တောများအတွက် တောမီးအန္တရာယ်ကိုဖြစ်စေသည်။ ထို့ကြောင့် တောမီးအန္တရာယ်တိုးလာမှုသည် လူသားများ၏လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့်ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်မှုရှိသည်ဟုဆိုနိုင်သည်။

၂၀ ရာစုအတွင်း ပြင်းထန်သောအပူချိန်နှင့် ခြောက်သွေ့မှုတို့သည် ရုရှားနိုင်ငံရှိ ဆိုက်ဘေးရီးယားဒေသ၊ အမေရိကန်နိုင်ငံရှိ အလက်စကာပြည်နယ်၊ စပိန်နိုင်ငံရှိ ကနေရီကျွန်းစုများ၊ ဩစတြေးလျနိုင်ငံ၊ ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောတွင် အကြီးအကျယ်တောမီးလောင်မှုများဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုများသည် အဓိကအားဖြင့် တရားမဝင်သစ်ခိုးထုတ်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။ ရာသီဥတုဖောက်ပြန်မှု၊ သစ်တောပြုန်းတီးမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ မီးရှို့မှုများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် တောမီးလောင်ကျွမ်းမှုသည် ၂၀၁၉ ခုနှစ်ကထက် ၁၃ ရာခိုင်နှုန်းပိုမိုတိုးလာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သောစံချိန်တင်တောမီးလောင်ကျွမ်းမှုများသည် တူကီယဲ၊ ဂရိနှင့် ရုရှားတို့တွင်ဖြစ်ပွားခဲ့ပြီး အဆိုပါတောမီးလောင်ကျွမ်းမှုသည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကျွမ်းကျင်သူများက ဆိုထားကြသည်။

ထို့ပြင် တောမီးလောင်မှုမှ ထွက်ပေါ်လာသောမီးခိုးငွေ့များသည် နိုင်ငံများ၏မြို့ကြီးများအပါအဝင် မြို့ပြနှင့်ကျေးလက်ဒေသများသို့ ပျံ့နှံ့သွားပြီး လေထုအရည်အသွေး သိသိသာသာလျော့ကျသွားစေသည်။ တောမီးများသည် ကာဗွန်ဒိုင်အောက်ဆိုက်၊ အနက်ရောင်နှင့် အညိုရောင်ကာဗွန်အမှုန်အမွှားများ၊ အိုဇုန်းအောက်ဆိုက်၊ အော်ဂဲနစ်ဒြပ်ပေါင်းများနှင့် နိုက်ထရိုဂျင်အောက်ဆိုက်တို့ကို လေထုထဲသို့ ထုတ်လွှတ်ပေးသည်။ ထိုသို့ထုတ်လွှတ်မှုသည် လေထု၊ တိမ်တိုက်များနှင့် ရာသီဥတုအပေါ်သက်ရောက်မှုရှိသည်။ တောမီးလောင်ကျွမ်းမှုမှ ထွက်လာသောဓာတ်ငွေ့၊ အမှုန်အမွှားများနှင့် ဒြပ်ပေါင်းများသည် လေထုထဲတွင်ပျံ့နှံ့နေပြီး လေ၏သယ်ဆောင်မှုကြောင့် တောမီးလောင်ကျွမ်းမှု အနီးအနားနေထိုင်သူများသာမက ဝေးကွာသောအရပ်ဒေသများရှိနေထိုင်သူများအတွက်ပါ အန္တရာယ်ရှိသည်။ ထို့ကြောင့် တောမီးသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ၎င်း၏တိုက်ရိုက်ထုတ်လွှတ်မှုသည် အနီးတွင်နေထိုင်သူများ၏ကျန်းမာရေးကိုထိခိုက်စေကာ လေ၏သယ်ဆောင်မှုကြောင့် ဝေးကွာသောနေရာများထိရောက်ရှိနိုင်သော တောမီးမီးခိုးများသည် ဒေသတွင်းနှင့် ဒေသတွင်းမဟုတ်သောနေရာများ၏ လေထုအရည်အသွေးကိုသာမက ကျန်းမာရေးကိုပါထိခိုက်စေနိုင်သည်။



ဩစတြေးလျနိုင်ငံ ဩစတြေးလျပြည်နယ်တွင် လောင်ကျွမ်းနေသော တောမီးကိုတွေ့ရစဉ်။

သုတေသနပြုထားသောအချက်အလက်များအရ တောမီးမှထွက်သောကာဗွန်သည် ကမ္ဘာလုံးဆိုင်ရာကာဗွန်ထုတ်လွှတ်မှုစုစုပေါင်း၏ ၂၀ မှ ၂၅ ရာခိုင်နှုန်းထိရှိကြောင်းနှင့် တောမီးမီးခိုးများသည် အအေးဒဏ်ကိုသက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။ ၂၀၀၇ ခုနှစ်က ပြုစုခဲ့သောသုတေသနပြုချက်အရ နှင်းထဲတွင်ပါနေသောတောမီးလောင်ခြင်းမှ ထွက်လာသောအနက်ရောင်ကာဗွန်သည် လေထုအတွင်းရှိနေသောသာမန်ကာဗွန်ဒိုင်အောက်ဆိုက်ထက် သုံးဆပို၍ အပူချိန်ကိုပြောင်းလဲစေသည်ဟု သိရသည်။ အာတိတ်ဒေသပူနွေးလာမှု၏ ၉၄ ရာခိုင်နှုန်းခန့်သည် နှင်းများတွင်ပါသောအနက်ရောင်ကာဗွန်များကြောင့် ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သူများကဆိုထားသည်။ အနက်ရောင်ကာဗွန်သည် ရုပ်ကြွင်းလောင်စာများ၊ ထင်းနှင့် အခြားဇီဝလောင်စာများလောင်ကျွမ်းခြင်းနှင့် တောမီးများမှလာသည်။

တောမီးသည် ဆိုးကျိုးများချည်းပေးသည်တော့မဟုတ်၊ ကောင်းကျိုးများလည်းရှိသည်။ သဘာဝအတိုင်းတောမီးလောင်ကျွမ်းခြင်းသည် သစ်တော၏မြေဆီဩဇာကိုကောင်းစေသည့် သဘာဝနည်းလမ်းတစ်ခုဖြစ်သည်။ သစ်တောတစ်ခုသည် နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ အဆိုပါသစ်တော၏မြေမျက်နှာပြင်ပေါ် အမှိုက်သရိုက်များစုဝေးလာပြီး မြေဆီမြေဩဇာများ၊ အာဟာရဓာတ်များဖြင့် ကြွယ်ဝနေသောမြေလွှာတစ်လွှာအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာသည်။ ပုံမှန်အားဖြင့် ထိုစုပုံနေသောသစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်အမှိုက်များသည် သစ်တောကဲ့သို့ အပင်ကြီးများဖြင့် ဖုံးလွှမ်းထားသဖြင့် ကောင်းစွာဆွေးမြည့်ပြိုကွဲမသွားသည်ကို တွေ့ရသည်။ ထို့ကြောင့် သစ်တောအတွင်းရှိသစ်ပင်များကလည်း မြေဆီလွှာအတွင်းဖြစ်ပေါ်နေခြင်းမဟုတ်သော ထိုသစ်ဆွေး၊ မြေဆွေးများကို ပုံမှန်အားဖြင့် စုပ်ယူစားသုံးခြင်းမရှိပါ။ သို့သော် တောမီးလောင်ကျွမ်းသည့်အခါ မြေလွှာတစ်လွှာအဖြစ် ဖြစ်တည်နေသောသစ်ဆွေးများသည် အပင်များအတွက် အာဟာရဓာတ်နှင့် မြေဩဇာများအဖြစ် မြေကြီးထဲသို့ ရောက်ရှိသွားကာ သစ်တောအတွင်းရှိ သစ်ပင်များက အဆိုပါမြေဩဇာများကိုစုပ်ယူခြင်းအားဖြင့် သစ်တောများအတွက်ကောင်းမွန်စေသည်။ တောမီးလောင်ကျွမ်းခြင်းက မကောင်းသော်လည်း အလွန်အကျွံထိန်းချုပ်လွန်းသည့်နေရာများ၌ သဘာဝအလျောက် တောမီးမလောင်သည့်အတွက် ခြောက်သွေ့သောသစ်ပင်များစုပြုံလာတတ်သည်။ အကယ်၍ ထိုသို့ခြောက်သွေ့သောသစ်ပင်များစုပြုံလာသည့် အဆိုပါနေရာများတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည်နှင့် အဆမတန်များနေသောလောင်စာဖြစ်သည့် သစ်ပင်ခြောက်နှင့် သစ်ဆွေးများက တောမီးကိုထိန်းချုပ်မရနိုင်သည်ထိဖြစ်လာစေသည်။ တောမီးသည် သစ်တောဂေဟစနစ်အတွက်ကောင်းသော်လည်း ရောမတောမီးကြီးများသည် ပျက်သုဉ်းမှုကိုဖြစ်စေသည်။ အချို့သောတောမီးများသည် သစ်တောတစ်ခုလုံး၏ဂေဟစနစ်ကိုပါ လုံးလုံးလျားလျားဖျက်ဆီးပစ်လိုက်နိုင်သည်ထိ ပြင်းထန်လှသည်။

ထိုသို့ လေထုညစ်ညမ်းမှုအန္တရာယ်ရှိရုံသာမက သစ်တော၏ဂေဟစနစ်ကို ထိခိုက်စေသောတောမီးကို မဖြစ်ပွားစေရန် ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တောမီးကြိုတင်ကာကွယ်ရေးစီမံချက်များဆောင်ရွက်ထားကြရမည်။ တောမီးကြိုတင်ကာကွယ်ရေးဆိုသည်မှာ တောမီးအန္တရာယ်ကို လျှော့ချရန်နှင့် ၎င်း၏ပြင်းထန်မှုနှင့်ပျံ့နှံ့မှုကို လျှော့ချရန် ရည်ရွယ်သည့်ကြိုတင်ကာကွယ်သည့်နည်းလမ်းများဖြစ်သည်။ တောမီးကာကွယ်ရေးနည်းလမ်းများသည် လေထုအရည်အသွေးကိုစီမံခန့်ခွဲရန်၊ ဂေဟဗေဒဆိုင်ရာ ဟန်ချက်ညီမှုကိုထိန်းသိမ်းရန်၊ သစ်တောနှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်နှင့် အနာဂတ်တောမီးလောင်ကျွမ်းမှုကို လျှော့ချရန်ဖြစ်သည်။ ဥပမာအားဖြင့် ဥရောပရှိ တောမီး၏ ၉၅ ရာခိုင်နှုန်းသည် လူသားများ၏လုပ်ဆောင်မှုများနှင့် ဆက်စပ်နေသောကြောင့် တောမီးကာကွယ်ရေးတွင် လူသားများပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍကို အဓိကထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရလျှင် တောမီးမလောင်အောင် အလွန်အကျွံထိန်းချုပ်ခြင်းသည် သစ်တောဂေဟစနစ်အတွက် အဓိကကျသောမြေဆီမြေဩဇာမရရှိတော့ဘဲ တောမီးလောင်ကျွမ်းမှုအတွက် အဓိကကျသောလောင်စာကို ဖန်တီးရာကျနိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အာဏာပိုင်များသည် တောမီးကို အစိုးရိမ်လွန်ထိန်းချုပ်ရာမှ ထိန်းချုပ်မရသောတောမီးကိုဖြစ်စေနိုင်ကြောင်း၊ သစ်တောများအတွက်မြေဩဇာကလည်း တောမီးအပေါ်မှီခိုနေသည့်အတွက် ထိန်းချုပ်မှုသည် အလွန်အကျွံမဖြစ်စေရန်လိုကြောင်းနှင့် တောမီးကြိုတင်ကာကွယ်ရေးစီမံချက်များဆောင်ရွက်ထားရန်လိုကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Wildfire effect on airpollution**
- **Wildfire's Impact on Our Environment**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော မိုးစပါး ၁၇၃၂၄၂ ဧက ရိတ်သိမ်းပြီးစီး



**ကသာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၇၃၂၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၃၂၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၂ ဒသမ ၆၉ တင်းထွက်ရှိကြောင်း သိရသည်။

"ကသာခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၇၃၂၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးထားတဲ့ မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့အသိပညာပေးခဲ့ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်တွင် မိုးစပါး ၁၇၃၆၀၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကသာမြို့နယ်တွင် ၃၈၄၉၄ ဧက၊ အင်းတော်မြို့နယ်တွင် ၅၅၇၉၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၄၀၀၉၆ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၃၈၈၅၇ ဧက စုစုပေါင်း ၁၇၃၂၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်အတွင်း မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ-၃၊ မော်ဘီ-၂၊ ရောမင်း၊ ကောက်ညှင်း၊ ရွှေဘို-၁၊ ပုလဲသွယ်၊ ဗီယက်နမ်မျိုးစပါးများကို စိုက်ပျိုးကြပြီး ဆင်းကေရီ-၃ ကို အဓိကထားစိုက်ပျိုးကာ မော်ဘီ-၂ ကို ဒုတိယအများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ကသာခရိုင်တွင် မိုးစပါးစိုက်ပျိုးသည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် မြေဩဇာကျွေးနည်းစနစ်နှင့် သဘာဝမြေဩဇာအသုံးပြုနည်းစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# တွံတေးမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တွံတေး ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ပြဿတိုက်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများက ကျောင်းစုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်နေသည့်စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၈ ဦးကို ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၄၆၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွံတေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးထံမှ သိရသည်။

**မောင်နိုင်**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

THE BEST QUALITY TYRE



TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

CAR TYRES

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



CYCLE TYRES

## မန်းမေတ္တာထရေးဒင်းကုမ္ပဏီမှ ဝန်ထမ်းခေါ်ယူခြင်း

(1) Sale and Marketing ကျား/မ (၈)ဦး
(2) Cashier မ (၈)ဦး

- ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လစာ/ 180000 မှ 300000 ထိ (ညှိနှိုင်း)

လူကိုယ်တိုင် CV Form ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်- 09-777715836, 09-777727249
09-777736347, 09-977194848
09-984984050

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ငါးရာပြားကျေးရွာ၊ကွင်းအမှတ်(၁၃၁၂)၊ဦးပိုင်အမှတ်(၅၈)၊ကိုင်းမြေ(၂. ၇၈)ဧက သည် ဒေါ်သေးတာ(ဘ)ဦးလှမောင်(၉/တတဥ(နိုင်)၀၂၂၄၃၆)ပိုင်ဆိုင်သော ကိုင်းမြေဖြစ်ပါသည်။ ယခုအခါ အဆိုပါကိုင်းမြေ၏ မြေစလစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သေးတာ(၉/တတဥ(နိုင်)၀၂၂၄၃၆**
**တံတားဦးမြို့၊ ငါးရာပြားကျေးရွာ**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(တောင်)နေ ဒေါ်ခင်ခင်အုန်း (၉/မမန(နိုင်)၀၂၈၆၀၂)မှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးကျော်ဆန်းဝင်း (၉/မနတ(နိုင်)၀၂၂၄၆၁)သည် ကျွန်မ၏ခွင့်ပြုချက်မရဘဲ (၂-၂-၂၀၂၄) ရက်နေ့တွင် နေအိမ်မှထွက်သွားပါသဖြင့် ဦးကျော်ဆန်းဝင်း ပြုလုပ်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်ခင်အုန်း(၉/မမန(နိုင်)၀၂၈၆၀၂)**

## ရန်သူ မီးဘေး တားဆီးရေး မငေး ဆောင်ရွက်ကြ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခ နီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့် ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည် ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅)ပေါ်တွင် ရထားလမ်းကို မိုင်းဖောက်ခွဲခံရမှုကြောင့် လူစီးရထားနှင့် ကုန်ရထားခရီးစဉ်များကြန့်ကြာမှုဖြစ်ခဲ့



မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ် ၁၀၃/၆-၇ ရှိ တံတားအမှတ်(၁၄၅)တွင် ဖေဖော်ဝါရီ ၂၀ ရက် ည ၉ နာရီခွဲက မိုင်းပေါက်ကွဲသံများ ကြားရသဖြင့် ကျောက်တံခါး-ပိန်းဇလုပ် ရထားလမ်းပိုင်းကို ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါမိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် အမှတ်(၉၁၄) အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၂၄-A) အစုန်ကုန်ရထားသည် ဖြူးဘူတာသို့ ညနေ ၆ နာရီတွင်လည်းကောင်း၊

စာမျက်နှာ ၂၁ ကော်လံ ၁☆

အကြိမ် (၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ စာမျက်နှာ – ၂၀

ရောဝတီမြစ် ရေလမ်းကြောင်း မန္တလေး၊ မင်းကွန်းနှင့် မြင်းမူမြို့အနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာသင့် စာမျက်နှာ – ၂

မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက် လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ စာမျက်နှာ – ၂၂

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

